မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၅ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၆)၊ အမှတ် (၁၂၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၄

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဖေဖော်ဝါရီ ၃ ရက် ညနေ ၃ နာရီက မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၁) ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ ရောက်ရှိကြပြီး ပျိုးခင်းများဖြင့် ခြံစည်းရိုးကြက်ဆူပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေးကြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကြည့်ရှုစစ်ဆေး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရေစစ်ကန်၊ ရေသန့်သိုလှောင်ကန်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟု ... ဆိုကာ(၁)

မြန်မာ့အလင်း ယနေ့ ဆောင်းပါး အညွှန်း

ကြီးကြီးမြ ။ ၁၉၈၈ ခုနှစ်မတိုင်မီက ဗကပနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ်လုပ်ခဲ့ဖူးတာကို ကြီးကြီး ပြန်ပြီးအမှတ်ရနေမိတယ်။ ဗကပနိုင်ငံရေးသမားတွေက တွေ့ဆုံဆွေးနွေးမှုကို ခုတုံးလုပ် အမြတ်ထုတ်ဖို့ပဲ အသုံးချခဲ့ကြတာမို့ နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးရလဒ်ကောင်း ဘာတစ်ခုမှ ထွက်ပေါ်မလာခဲ့ဘူး။

စိုးမြကျော် ။ အခုတပ်မတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တွေ့ဆုံဆွေးနွေးမှုက ပြည်တွင်းရေးပြဿနာကို အမျိုးသားရေးအခြေခံနဲ့ ညှိနှိုင်းဖြေရှင်းခဲ့ကြတာမို့ ငြိမ်းချမ်းရေးအောင်ပွဲ ရရှိခဲ့တာပဲနော် ဘကြီး။

ဘကြီးစိုး ။ အမှန်ဆုံးပေါ့ကွယ်။ တကယ်လို့သာ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုမပြုဘဲ ဗကပဗဟိုက နိုင်ငံရေးသမားတွေနဲ့သာ တွေ့ဆုံဆွေးနွေးခဲ့မယ်ဆိုရင် ဒို့နိုင်ငံဟာ ဟိုအရင်ကလိုပဲ လက်နက်ကိုင်ပဋိပက္ခ ဝဲသြဃအတွင်း ဒုံရင်းဒုံရင်းနဲ့ သက်ဆင်းနေရမှာအမှန်ပဲ။

စိုးမြကျော်၏ ဆောင်းပါး(စာ ၈-၉နှင့် ၁၀)တွင် အကျယ်တဝင့် ဖတ်ရှုလေ့လာနိုင်ကြပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသား စက်မှုလုပ်ငန်းရှင်များ ပူးပေါင်းကြိုးပမ်း

နိုင်ငံတော်က စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုအခြေခံရှိသော မြို့များတွင် စက်မှုဇုန်များကို ဖွဲ့စည်းထူထောင်ပေးလျက်ရှိသည်။ ဒေသအသီးသီးရှိ ပြန့်ကျဲနေသော စက်မှုလုပ်ငန်းများကို စုစည်း၍ စက်မှုဇုန် ၁၈ဇုန် သတ်မှတ် အကောင်အထည် ဖော်ပေးခဲ့သည်။

ပြည်ပကုန်ကြမ်းအများအပြား အသုံးပြုနေရသော စက်မှုလုပ်ငန်းများတွင် ပြည်တွင်းဖြစ် ကုန်ကြမ်းဖြင့် အစားထိုးအသုံးပြုနိုင်ရေးနှင့် စက်အရန်ပစ္စည်းများကို ပြည်တွင်း၌ အစားထိုး ထုတ်လုပ်သုံးစွဲနိုင်ရေးကို ဦးတည်ပြီး လုပ်ကိုင်လျက်ရှိသည်။

သမားရိုးကျ အခြေခံလက်မှုလုပ်ငန်းများကို အသေးစားစက်မှုလုပ်ငန်းများအဖြစ် တီထွင်ပြောင်းလဲ၍ အသေးစားမှတစ်ဆင့် အလတ်စားနှင့် အကြီးစား ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် အဆင့်ရောက်အောင် စက်မှုဇုန်များက စွမ်းဆောင်ကြိုးပမ်းလျက် ရှိသည်။

မုံရွာစက်မှုဇုန်မှ စက်မှုလုပ်ငန်းသုံး အပိုပစ္စည်းများ၊ မော်တော်ယာဉ်နှင့် စက်ပစ္စည်း အစိတ်အပိုင်းများ၊ ဆည်မြောင်းလုပ်ငန်းသုံး စက်ယန္တရား အရန်ပစ္စည်းများ၊ လယ်ယာသုံး ပစ္စည်းများ၊ သံထည်ပစ္စည်းများအပြင် လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ပေးလျက် ရှိသည်။

စက်ရုံများသည် စက်ပစ္စည်းများထုတ်လုပ်ရာတွင် အရည်အသွေး ပိုမိုကောင်းမွန်အောင် ကြိုးစားရင်း စက်ပစ္စည်းတစ်ခုလုံးကို တစ်နေရာတည်း၌ ထုတ်လုပ်နိုင်ရေး ကြိုးပမ်း လုပ်ကိုင်လျက် ရှိသည်။

စက်မှုလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို အစားထိုး ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံခြားငွေ ချွေးခြံချွေတာရာ ရောက်မည်ဖြစ်သည်။ သွင်းကုန်အစားထိုးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူများက ပြည်တွင်းဖြစ်ကို အားပေးကြရန် လိုအပ်ပေသည်။

သို့ဖြစ်၍ အမျိုးသားစီးပွားရေးဘဝ မြင့်မားရေးရည်မှန်းချက်နှင့်အညီ စက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စက်မှုဇုန်များရှိ တိုင်းရင်းသား စက်မှု လုပ်ငန်းရှင်များက အမျိုးသားရေးအမြင်ဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းကြရမည်ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လုပ်ငန်းအကောင်အထည်ဖော်ပြီးစီးမှုအပေါ်မူတည် အားသာ၊ အားနည်းချက်များ သုံးသပ် ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင်ကြိုးပမ်း

နေပြည်တော် ဖေဖော်ဝါရီ ၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ လူမှုစီးပွားမြန်ဆန်စွာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိရောက်စွာ အကျိုးပြုရေး၊ လုပ်ငန်းစွမ်းရည်မြင့်မားရေး၊ ဝန်ထမ်းအရည်အသွေးမြင့်မားရေး၊ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာရပ် ထိရောက်စွာအသုံးပြုရေးနှင့် ဝန်ထမ်းကျင့်ဝတ်နှင့် စည်းကမ်းလိုက်နာထိန်းသိမ်းရေးဟူ၍ မူဝါဒငါးရပ်ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဌာန၊အဖွဲ့အစည်းများအနေဖြင့် ဝန်ကြီးဌာန၏ မူဝါဒအတိုင်း ဆောင်ရွက်နိုင်မှု ရှိ၊မရှိ ချိန်ထိုးသုံးသပ်ကြည့်ပြီးအားနည်းသည်များကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

ဖိဖိစီးစီးကြိုးပမ်း

မိမိတို့ နိုင်ငံအနေဖြင့် စတုတ္ထကာလတို ငါးနှစ်စီမံကိန်းကို ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာ အကောင်အထည်ဖော်ပြီးစီးမှုအပေါ်မူတည်၍ အားသာချက် အားနည်းချက်များကို သုံးသပ်ပြီး ၂၀၀၆-၂၀၀၇ ခုနှစ် ရည်မှန်းချက်များကို နှစ်ကုန်ဆုံးချိန်တွင် ပြည့်မီကျော်လွန်အောင် ဖိဖိစီးစီး ကြိုးပမ်း ဆောင်ရွက်ကြရန် ဖြစ်ကြောင်း။

ကြိုးစားဆောင်ရွက်

၂၀၀၆ ခုနှစ် ဒီဇင်ဘာလကုန် အထိ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်း သည့် ညွှန်ကိန်းများအနက် နိုင်ငံတော်တွင် တည်ငြိမ်မြင့်မားသော စီးပွားရေးတိုးတက်မှုနှုန်း၊ ပြည်ပပို့ကုန် သွင်းကုန် အခြေအနေနှင့် ပြည်ပငွေပေးငွေယူ ရှင်းတမ်း၊ သာမန်စာရင်း အခြေအနေများ ကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ နယ်မြေဒေသများ အားလုံးနှင့် နိုင်ငံတော်တစ်ရပ်လုံးကို တည်ဆောက်ရာတွင် အစဉ်အမြဲ မှန်မှန်တိုးတက်စေရန် မြင့်မားသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နှုန်းများရရှိအောင် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

အီရတ်သို့ ကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးဆန့်ကျင် ရီပတ်ဘလီကင်ဆုံးဖြတ်ချက် ဒီမိုကရက်တို့ထောက်ခံ

ဝါရှင်တန် ဖေဖော်ဝါရီ ၄

ရီပတ်ဘလီကင် အထက်လွှတ်တော်အမတ် ဂျွန်ဝါနာ အဆိုပြုချက်သည် သမ္မတဂျော့ဒဗလျူဘုရှ်၏ အီရတ်ဆိုင်ရာအစီအစဉ်ဆန့်ကျင်ရေး အမေရိကန် အထက်လွှတ်တော်ဆုံးဖြတ်ချက်ကို ထိပ်တန်းဒီမိုကရက်အမတ်များက ထောက်ခံမည်ဖြစ်ကြောင်း ကတိပြုထားပြီဟု စီအင်န်အင်န်က ဖေဖော်ဝါရီ၃ရက်တွင် ကြေညာသည်။

ဒီမိုကရက်အမတ်များက အီရတ်သို့ နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင် ၂၁၅၀၀ ကျော်စေလွှတ်ရေး သမ္မတဘုရှ်၏ဆုံးဖြတ်ချက်ကို ပိုမိုထိရောက်သည့် စကားလုံးများဖြင့် ဝေဖန် ဖော်ပြမည့် အပြိုင်အဆိုပြုချက်ကို တင်ပြခြင်း မပြုရန် ဆုံးဖြတ်လိုက်ပြီဟု ဆိုသည်။

စတင်ဆွေးနွေးသင့်

ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အများစု ခေါင်းဆောင် ဟာရီရိဒ်က မစ္စတာဝါနာ၏ အဆိုပြုချက်ကို အထက်လွှတ်တော် အနေဖြင့် လာမည့်ရက်သတ္တပတ်တွင် စတင်ဆွေးနွေးသင့်ကြောင်း တိုက်တွန်းပြောကြားသည်။

အထက်လွှတ်တော်မှ ဒီမိုကရက်အမတ်ရစ်ချတ်ဒါဘင်ကလည်း မစ္စတာဝါနာ၏ အဆိုပြုချက်ကိုထောက်ခံမည်ဟု အာမခံ ပြောကြားသည်။

မစ္စတာဝါနာ၏ အဆိုပြုချက်ကို ဒီမိုကရက်တစ် ထိပ်တန်းအမတ်များက ထောက်ခံခြင်းဖြင့် နိုင်ငံရေးအရ သမ္မတဘုရှ်ကို အထိနာစေမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန် အထက်လွှတ်တော်က အတည်ပြုနိုင်လိမ့်မည်ဟု ဆိုသည်။

အောက်လွှတ်တော်မှ ဒီမိုကရက်ခေါင်းဆောင်များကလည်း ၎င်းတို့၏ အစီအစဉ်မတိုင်မီအထက်လွှတ်တော်၏ လုပ်ရပ်ကိုစောင့်ကြည့်မည်ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၀၉၀ ရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၄

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်နေရာ သီးခြားစီတွင် ဖေဖော်ဝါရီ ၂ရက်က အမေရိကန် တပ်ဖွဲ့ဝင်သုံးဦး သေဆုံးသွားကြောင်း အမေရိကန် စစ်ဘက်က ကြေညာသည်။

ဘန်ဘာပြည်နယ်အတွင်းစစ်ဆင်ရေးတွင် ရန်သူ့လက်ချက်ဖြင့် ဒဏ်ရာရခဲ့သည့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦးနှင့် အမေရိကန် ရေတပ်သား တစ်ဦးတို့ ၎င်းနေ့က သေဆုံးသွားခြင်း ဖြစ်သည်။ အခြားအမေရိကန်မရိန်း တပ်ဖွဲ့ဝင်တစ်ဦးမှာလည်း ထိုပြည်နယ် အတွင်း စစ်ဆင်ရေးကြောင့် သေဆုံး သွားရခြင်းဖြစ်သည် ဆို၏။

၂၀၀၃ခုနှစ်မတ်လတွင်အမေရိကန် နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ် နိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၀၉၀ အထိ ရှိသွား ပြီဟု အမေရိကန်စစ်ဌာနချုပ် စာရင်း များကို ကိုးကားပြီး မီဒီယာများက ဖော်ပြသည်။ အမ်အင်န်အေ၊ဆင်ဟွာ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၂-၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အသေလုတဲ့သူ တရားတော် (အပိုင်း-၁) (အရှင်ဆန္ဒာဓိက)
၇း၅၅	အရည်အချင်းနှင့် စွမ်းရည်ကောင်း မြန်မာနိုင်ငံသစ်တောကျောင်း
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	ပျော်ရွှင်စရာပီတိအလှူ
၈း၄၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	စေတနာအပေါင်းခညောင်းဝေဆာ စားသောက်ဖွယ်ရာကမ္ဘာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၅	တစ်ကိုယ်ရေ ကျန်းမာသန့်ရှင်းရေး အစဉ်သုံးပေး ဆပ်ပြာမွှေး
၁၀း၂၅	တေးဂီတ အစီအစဉ်
၁၀း၃၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	Movie Talk (အော်စကာဆု) (ဒေါက်တာဇော်သန်း၊ အကယ်ဒမီဦးထွန်းလှိုင်)
၁၂း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	ဆွာချောင်း ရေလှောင်တမံ
၁၂း၃၀	မိုးလေဝသခန့်မှန်းချက်
၁၂း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀	သစ်ခွ
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဖောင်တော်ဦးဘုရားလမ်း ကျောက်ရေတွင်း အမှတ် ၁၁၈(ခ)နေ ပုသိမ်ဆရာကြည် (မြန်မာ့တိုင်းရင်းဆေးပညာရှင်) ဒေါ်မြင့်မိသားစု(ဝိဇ္ဇာသိဒ္ဓိကုစ္ဆာသယဆေးတိုက်)က ဘိုးဘွားများအား အာဟာရကျွေးမွေးရန်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်း လေးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေးအတွက် အလှူတော်ငွေပေးအပ် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၄

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲနှင့် စတုတ္ထအကြိမ် ဘက်စုံ ပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်ရှိ အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပုဇွန်တောင်မြို့နယ်တာဝန်ခံ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူရှင်များ၏ လှူဒါန်းငွေများကို လက်ခံသည်။

ဖွင့်လှစ်

ရှေးဦးစွာ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးအတွက် ပထမအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲကို အဆိုပါ စေတီတော်မြတ်ကြီးရင်ပြင်ရှိ ဓမ္မာရုံသစ်၌ကျင်းပရာ ပရိသတ်များနှင့် အလှူရှင်များက နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက စေတီတော်မြတ်ကြီး၏ သမိုင်းအကျဉ်းနှင့် ဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရွှေစင် ရွှေပြား ၉ လက်မ X ၉ လက်မ ပတ်လည်အရွယ် အလေးချိန် တစ်ကျပ် ရှစ်ပဲသားရှိ ရွှေပြားတစ်ချပ်လျှင် တန်ဖိုးငွေကျပ် ၆၅၀၀၀၀ နှုန်းဖြင့် အလှူရှင်များဖြစ်ကြသည့် ခေတ္တ စင်ကာပူသမ္မတနိုင်ငံနေ ဦးလှိုင်ဝင်း-ဒေါ်ခင်သန်းသန်း မိသားစုက ရွှေစင်ရွှေပြားငါးချပ်အတွက် ငွေကျပ် ၃၂၅၀၀၀၀၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်-ဒေါ်မာလာဝင်း မိသားစု၊ ရွှေဘုန်းပွင့်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်-ဒေါ်မြင့်မြင့်ကြည် မိသားစု၊ ရုပ်ရှင်သရုပ်ဆောင် လူမင်း-ဒေါ်ခင်စံပယ်ဦး မိသားစု၊ ဦးဝင်းဆွေ-ဒေါ်မင်းသွယ်နု တို့အားအမှူးထား၍ ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူ၊ ထားဝယ်ရုပ်ရှင် ဗီဒီယို ထုတ်လုပ်ရေးမှ ဦးစိုးသန်း-ဒေါ်မာမာစိုး မိသားစု၊ မေတ္တာရောင်ပြန် ရုပ်ရှင်ထုတ်လုပ်ရေးမှ ဦးတင်အောင်-ဒေါ်ရီရီဌေး မိသားစုနှင့် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်နေ ဦးအေး(မောင်အေးကဖီး) မိသားစုတို့က ရွှေစင်ရွှေပြား တစ်ချပ်စီအတွက် ငွေကျပ်၆၅၀၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းကြရာ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး အလှူရှင်များအား ထုတိမင်္ဂလာ ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်သည်။

လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသည့် ဦးမောင်မောင်ဦး-နန်းစံဟွမ် (စနိုးဗိုက်ရုပ်ရှင်မိသားစု)၊ဦးဝင်းကြည်-ဒေါ်ယဉ် (စိန်ဌေးဗီဒီယို မိသားစု)၊ ဦးသောင်းညွန့်-ဒေါ်သောင်းသောင်း (သီဂီရွှေဝါ ပိုးထည်တိုက်) မိသားစု၊ ဦးဝင်းထွန်းဦး-ဒေါ်ဆယ်ဆယ် (သီဂီရွှေဝါပိုးထည်တိုက်)မိသားစု၊မိဘနှစ်ပါးအား ရည်စူး၍ ကြီးအောင်ချမ်းသာ ပရိဘောဂမှမောင်နှမတစ်စု၊ဦးရတ်နမ်-ဒေါ်မာရီမာမိသားစု၊ ဦးသန်းအောင်-ဒေါ်အေးအေး မိသားစု၊ မင်္ဂလာကုမ္ပဏီလီမိတက်မှ ဦးဇော်မင်း-ဒေါက်တာဒေါ်တင်မြင့် မိသားစု၊ ဦးတင်ဝင်းသျှင်-ဒေါ်ခင်လေးသိမ့်၊ သမီး ရုပ်ရှင်ဒါရိုက်တာကြည်ဖြူရှင် (မဟာထွန်း ရုပ်ရှင် မိသားစု)၊ နန်းဝင်းပတ္တမြား တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဒေါက်တာထွေးထွင့်ကြည်၊ ဒေါက်တာသင်းနွယ်ဝင်း မိသားစု၊ စမ်းချောင်းမြို့နယ်နေ ဦးခင်မောင်ဝင်း-ဒေါ်စုစုဝင်း မိသားစု၊ ပုဇွန်တောင်မြို့နယ်နေ ဦးယုလှိုင်-ဒေါ်နီနီချို မိသားစု၊ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်ကွက်နေ ဦးကျော်စွာမြင့်-ဒေါ်မော်မော်လှိုင် မိသားစု၊ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်းနေ ဦးအောင်စိုး-ဒေါ်လှလှဝင်းမိသားစု၊ ကျောက်တံတားမြို့နယ် ဦးရပ်ချ်ကပူး-ဒေါ်နုနုရီ မိသားစု၊ မြန်မာ့အလှ ဆောက်လုပ်ရေးမှ ဦးကျော်ခိုင်-ဒေါ်ခင်ခင်အေး မိသားစု၊ ရန်ကုန်မြို့ ၅၆ လမ်းနေ ဦးမောင်သောင်း-ဒေါ်ခင်အေးမူမိသားစု၊ ဗိုလ်တထောင်မြို့နယ် ၄၇ လမ်းနေ ဒေါ်တင်အေးမိသားစု၊ ပုဇွန်တောင်မြို့နယ် ၅၆ လမ်းနေ ဒေါ်ခင်အေးမူနှင့် မြိတ်မြို့ မြစ်ငယ်ရပ်နေ ဒေါ်အံ မိသားစုနှင့် ကျန်အလှူရှင်များက ရွှေစင်ရွှေပြားတစ်ချပ်စီအတွက် ငွေကျပ် ၆၅၀၀၀၀ စီတို့ကိုလည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးဖိုးဇော်-ဒေါ်ဇင်ဇင်မြင့် မိသားစုက ရွှေစင်ရွှေပြားနှစ်ချပ်အတွက် ငွေကျပ် ၁၃ သိန်းကိုလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီး ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်တို့က လက်ခံကြပြီး အလှူရှင်များအား ထုတိမင်္ဂလာဂုဏ်ပြုလွှာများကိုပြန်လည် ပေးအပ်ကြသည်။

ထို့နောက် ပရိသတ်များနှင့် အလှူရှင်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အလှူငွေပေးအပ်ပွဲကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ပထမအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၄၇ ဦးတို့၏ ရွှေစင်ရွှေပြား ၅၂ ချပ်အတွက် စုစုပေါင်းလှူဒါန်းငွေမှာ ငွေကျပ် ၃၃၈ သိန်းဖြစ်သည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ အစည်းအဝေးကို အဆိုပါ စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓစက်တော်ရာ တန်ဆောင်း၌ကျင်းပရာ ပရိသတ်များက နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ထို့နောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူတို့က မိမိတို့၏ ကဏ္ဍအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ကြပ်မတ်ဆောင်ရွက်

ယင်းနောက် စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စေတီတော်မြတ်ကြီးအား ယခုထက် ပိုမိုကြည်နူးသပ္ပာယ်စွာ ဖူးမြော်နိုင်ရေးအတွက် ဘက်စုံပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်းများကို သတ်မှတ်ချိန်ဖြစ်သည့် မိုးမကျမီ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ လုပ်ငန်းများကို လုပ်ဆောင်ရာတွင် အလေအလွင့်ပြုန်းတီးမှုမရှိစေရေးနှင့် မီးကြိုးများ သွယ်တန်းရာတွင်လည်း အန္တရာယ်ကင်းရှင်းရေးကို တာဝန်ရှိသူတို့က အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ကြရန်၊ ပြုပြင်မွမ်းမံ ပြင်ဆင်ရာတွင်လည်း မူလမြန်မာမှု ရှေးဟောင်းအနုပညာလက်ရာများကို မပျောက်မပျက်စေဘဲ အကောင်းဆုံးဖြစ်အောင် ပြုပြင်မွမ်းမံ ပြင်ဆင်ကြရန်တို့ကို ဆွေးနွေးမှာကြားကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အလှူငွေများ ပေးအပ်လှူဒါန်း

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး ဗဟိုဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီး စတုတ္ထအကြိမ် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ရေး အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● ရွှေဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ခြစ်စည်းရိုးကြက်ဆူပင်များအား အစေ့နှင့်ပျိုးထောင်ထားမှု၊ ကိုင်းဖြတ်ပျိုးထောင်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ခြစ်စည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးရာတွင် ရှင်သန်ဖြစ်ထွန်းစေရန် မြေချစိုက်ပျိုးချိန်မှစ၍ ပေါင်းရှင်းခြင်း၊ ရေလောင်းခြင်း၊ ဆေးဖျန်းခြင်းတို့ကို စနစ်တကျ ဆောင်ရွက်သွားကြရေး မှာကြားသည်။

အဆိုပါ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ အမှတ်(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် ခြစ်စည်းရိုး ကြက်ဆူဧက ၂၀၀ တိုးချဲ့စိုက်ပျိုးရန်အတွက် ပျိုးပင်ပေါင်း ၄၀၀၀၀ ပျိုးထောင်ထားရှိသည့်အပြင် မျိုးစေ့တင်း၂၀ကိုလည်း အသင့်စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

ဖြစ်ထွန်းအောင်မြင်

ထို့အပြင် အဆိုပါခြံ၌ ၂၀၀၆ ခုနှစ် မတ် ၂၁ ရက်တွင် ခြစ်စည်းရိုးကြက်ဆူဧက ၅၀၊ ဧပြီ ၂၂ ရက်တွင် ၂၅ ဧက၊ မေ ၆ ရက်တွင် ၂၅ ဧက၊ ဇူလိုင် ၁ ရက်တွင် ဧက ၂၀ စုစုပေါင်းဧက ၁၂၀ ကို စိုက်ပျိုးခဲ့ပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နောင်ချိုမြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု ကံ့ကော်ကျေးရွာ အနီး၌ ကြက်ဆူပင်ဧက ၁၀၀ နှင့် ကျောက်ပန်းတောင်းမြို့နယ် လက်ပန်ပြားကျေးရွာအနီး၌ ဧက ၂၀၀ ထပ်မံ တိုးချဲ့စိုက်ပျိုးသွားရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် အမှတ်(၁)ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ(ရေတံခွန်တောင်)အတွင်း စိုက်ပျိုးပြီးသော ခြစ်စည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ ဝက်ကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုနှင့် ကြက်၊ ဘဲနှင့်ငါးများ မွေးမြူထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ကြက်ဆူကြိတ်လုပ်ငန်းသို့ သွားရောက်၍ မြင်းကောင်ရေ ၅ ဒသမ ၅ရှိ FY-172 အမျိုးအစား ကြက်ဆူကြိတ်စက်ဖြင့် ခြစ်စည်းရိုးကြက်ဆူစေ့များအားကြိတ်ခွဲ၍ ဇီဝဒီဇယ်ဆီ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ခြစ်စည်းရိုးကြက်ဆူကြိတ်စက်မှ တစ်နာရီလျှင် ကြက်ဆူစေ့ တစ်တင်းမှ တစ်တင်းခွဲအထိ ကြိတ်ခွဲနိုင်ပြီး ဆီထွက်နှုန်းမှာ ကြက်ဆူစေ့တစ်တင်းလျှင် တစ်ဂါလန်မှ ၁ ဒသမ ၅ ဂါလန်အကြား ထွက်ရှိကြောင်း သိရသည်။

ရှင်းလင်းပြသ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြို့နေပြည်သူများအတွက် ရေပေးနိုင်ရန် တိုးချဲ့တည်ဆောက်နေသည့် သဲရေစစ်ကန်၊ ဂါလန်ငါးသိန်းဆံ့ ရေလှောင်ကန်နှင့် ရေတွန်းစက်ရုံ အမှတ်(၄)တည်ဆောက်ရေးလုပ်ငန်းသို့ သွားရောက်၍ ကနဦးရေစစ်ကန်၊ ရေတင်စက်ရုံနှင့် အနှေးကျသဲရေစစ်ကန်၊ ဂါလန်ငါးသိန်းဆံ့ ရေသန့်သိုလှောင်ကန်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ရေနှင့်သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းကြည်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ရေတိုးချဲ့ပေးဝေရေးလုပ်ငန်းရှိ ရေလှောင်ကန်အဆင့်ဆင့်တွင် မန္တလေးကျုံး ရေစစ်ကန်မှ ရေများကို ရေတင်စက်ဖြင့်တင်၍ ကနဦးရေစစ်ကန်၊ အနှေးကျသဲရေစစ်ကန်များမှ တစ်ဆင့် အနံ ၃၆ ပေ၊ အလျားပေ ၁၈၀၊ အမြင့် ၁၂ပေ ရှိ ဂါလန် ငါးသိန်းဆံ့ ရေလှောင်ကန်အတွင်းသို့ ထည့်သွင်းသိုလှောင်သွားမည် ဖြစ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလိုရင်းဆေးခတ်စက်ရုံ အဆောက်အအုံနှင့် မြင်းကောင်ရေ ၁၁၀ ရှိ ရေတွန်းစက်များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနမှ ဌာနမှူး ဦးထွန်းကြည်က မန္တလေးမြို့တော်၏ လက်ရှိ ရေပေးဝေရေးလုပ်ငန်းများကို ထပ်မံတိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ၂၀၀၆-၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန် ကျန်ရှိသည့် တိုးချဲ့ရေပေးဝေရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။ ထို့နောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ရေပေးဝေရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြရေး မှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါရေပေးဝေရေးစက်ရုံကို မန္တလေးမြို့၏ တိုးတက်လာသော လူဦးရေအတွက် ရေကောင်းရေသန့်များ လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောက်ထပ် အိမ်ထောင်စု ၆၅၀၀ ခန့်ရှိ လူဦးရေ လေးသောင်းခန့်ကို သောက်သုံးရေများ တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဦးမြင့်ဦးအား ရည်စူး၍ တိုက် ၃၀၆ အခန်း ၁၂ ရန်ကင်းမြို့နယ်နေ ဒေါ်မေမေထား မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး တိုးချဲ့ ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က-ပ)

မြန်မာ့အလင်း တစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ(မြန်မာ့အလင်း)

ကမ္ဘာတစ်ဝန်းတွင် အချိန်နှင့်အမျှ သတင်းဖြစ်ရပ်များ အဆက်မပြတ်ဖြစ်ပွားလျက်ရှိရာ သီတင်းတစ်ပတ်အတွင်း ဖြစ်ပျက်ခဲ့သည့် ထူးခြားသတင်းဖြစ်စဉ်များမှ အချို့ကို စုစည်းပြီး မြန်မာ့အလင်းပရိသတ်အတွက် စုစည်းတင်ဆက်လိုက်ပါသည်။

ဇန်နဝါရီ ၂၉ ရက်

- တရုတ်နိုင်ငံက ကမ္ဘာပေါ်တွင် ပထမဆုံး ရေနက်မောင်းရေယာဉ်တစ်စင်းကို စတင်စမ်းသပ်လိုက်သည်။ ၎င်းရေယာဉ်သည် ပင်လယ်ရေအောက်အနက် မီတာ ၇၀၀၀ တွင် မောင်းနှင်သွားလာနိုင်ပြီး ကမ္ဘာ့ပင်လယ်အောက်ကြမ်းပြင်ဧရိယာ၏ ၉၉ ဒသမ ၈ ရာခိုင်နှုန်းခန့်အထိ မောင်းနှင်သွားလာနိုင်ကြောင်းသိရသည်။ ၎င်းရေယာဉ်မှာ ပင်လယ်ရေအောက်ကြမ်းပြင်နှင့် ရေနက်ပိုင်းများအား သုတေသနပြုနိုင်ရေးအတွက် တည်ဆောက်ခြင်းဖြစ်သည်။ (အောက်ပုံ)



- ကနေဒါနိုင်ငံ အွန်တာရီရိုမြို့ ဂရက်ဖ်တန်အရပ်ရှိ အဝေးပြေးကားလမ်းမပေါ်တွင် ရေနံတင်မော်တော်ယာဉ်တစ်စီးနှင့် လူစီးမော်တော်ယာဉ်တစ်စီး မျက်နှာချင်းဆိုင်တိုက်မိရာမှ မော်တော်ယာဉ်အစီး ၂၀ ကျော် ဆက်တိုက် တိုက်မိခဲ့ပြီး မီးလောင်မှုဖြစ်ပွားရာ လူနေအိမ်များအထိ ကူးစက်မီးလောင်ကျွမ်းခဲ့သည်။ မီးလောင်ကျွမ်းမှုကြောင့် မော်တော်ယာဉ်အားလုံးပျက်စီးခဲ့ပြီး နေအိမ်အများအပြား မီးဘေးသင့်ခဲ့ရကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက်

- ဩစတြေးလျနိုင်ငံတစ်ဝန်းတွင် လာမည့် နှစ်ပေါင်း ၁၀၀ ခန့်၌ သန့်ရှင်းသော သောက်သုံးရေပြတ်လပ်မှုနှင့် ကြုံတွေ့ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ရေသယံဇာတများ စနစ်တကျထိန်းသိမ်းမှုစနစ် အားနည်း၍ဖြစ်ကြောင်း ဩစတြေးလျ မီဒီယာများက ဖော်ပြလိုက်သည်။
- တရုတ်နိုင်ငံတစ်ဝန်းတွင် ဖောက်လုပ်အသုံးပြုနေသော မီးရထားလမ်းအရှည်သည် ကီလိုမီတာပေါင်း ၇၆၆၀၀ ရှိရာ ကမ္ဘာပေါ်တွင် အရှည်အလျားဆုံး မီးရထားလမ်းဖြစ်ပြီး ကမ္ဘာပေါ်တွင် မီးရထားအသုံးပြုမှု အများဆုံးနိုင်ငံဖြစ်သည်။ တရုတ်နိုင်ငံ၏ မီးရထားလမ်းအရှည်သည် တစ်ကမ္ဘာလုံး မီးရထားလမ်း၏ လေးပုံတစ်ပုံရှိကြောင်း သိရသည်။

ဇန်နဝါရီ ၃၁ ရက်

- ကမ္ဘောဒီးယားနိုင်ငံတွင် တောင်ကိုရီးယားနိုင်ငံက ၂၀၀၆ ခုနှစ်၌ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံအထိရှိခဲ့ရာ အာရှနိုင်ငံများတွင် အများဆုံးဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံက သတင်းထုတ်ပြန်လိုက်သည်။
- **တောင်ကိုရီးယားနိုင်ငံမှ အမျိုးသမီး အာကာသယာဉ်မှူးအဖြစ် ရွေးချယ်ခံထားရသည့် ယီဆိုယွန်သည် ရုရှားနိုင်ငံ မော်စကိုမြို့အနီး စတားစီးတီးအာကာသစခန်း၌ ကြိုတင်လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။ ယီဆိုယွန်သည် လာမည့် ၂၀၀၈ ခုနှစ် ဧပြီလတွင် နိုင်ငံတကာအာကာသယာဉ်စခန်းသို့ ရုရှားလုပ် ဆိုယုဇ်အာကာသယာဉ်နှင့် လိုက်ပါသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာများက ဖော်ပြသည်။**

ဖေဖော်ဝါရီ ၁ ရက်

- ကမ္ဘာပေါ်တွင် အကြီးဆုံးလေဆိပ်သစ်ကြီးတစ်ခုကို ဒူဘိုင်း၌ တည်ဆောက်မည်ဖြစ်ကြောင်း ဒူဘိုင်းမီဒီယာများက ဖော်ပြသည်။ ၂၀၀၆ ခုနှစ်က ဒူဘိုင်းသို့ ခရီးသွားဧည့်သည် ၂၈ သန်းခန့်ရောက်ရှိခဲ့ရာ လေဆိပ်သစ်ကြီးတစ်ခု ထပ်မံတည်ဆောက်ရေး လိုအပ်လာသဖြင့် ယခုကဲ့သို့ လေဆိပ်သစ်ကြီးတည်ဆောက်ခြင်းဖြစ်သည်။
- **ဘရာဇီးနိုင်ငံသည် အာကာသသို့ တတိယမြောက်ဂြိုဟ်တုတစ်လုံးကို လွှတ်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ ၎င်းဂြိုဟ်တုကို စီဘားစ်-၂ ဘီဟု အမည်ပေးထားပြီး သတင်းအချက်အလက်နှင့် သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာပေးပို့ရန်ဖြစ်ကြောင်း သိရသည်။**

ဖေဖော်ဝါရီ ၂ ရက်

- အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် နှစ်ရက်ဆက်တိုက် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ရေလွှမ်းမှု အကြီးအကျယ်ဖြစ်ပွားခဲ့သည်။ မြို့တွင်းရှိ ကားလမ်းများပေါ်တွင် ခုနစ်ပေခန့်အထိ ရေလွှမ်းမိုးခဲ့သဖြင့် **မော်တော်ယာဉ်သွားလာမှု ရပ်ဆိုင်းခဲ့ရပြီး လမ်းများပိတ်ဆို့ကာ** နေအိမ်ထောင်ပေါင်းများစွာ ရေနစ်မြုပ်ခဲ့ရကြောင်း အင်ဒိုနီးရှားမီဒီယာများက ဖော်ပြသည်။
- မက္ကဆီကိုနိုင်ငံ အပန်းဖြေမြို့ တစ်မြို့ဖြစ်သည့် ကင်ချွမ်မြို့တွင် အမျိုးသမီးတစ်ဦး မွေးဖွားခဲ့သော အမြွာကလေးငယ်တစ်ဦးမှာ ကိုယ်အလေးချိန် ၁၄ ပေါင်ရှိပြီး အရပ် ၂၁ ဒသမ ၇ လက်မရှည်သဖြင့် ကမ္ဘာပေါ်တွင် မွေးပြီးစ ကလေးငယ်များအနက် ကိုယ်အလေးချိန်အများဆုံး ကလေးငယ်ဖြစ်သည်ဟု မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။
- ကျန်းမာရေး ပြန်လည်ကောင်းမွန်လာသော ကျူးဘားသမ္မတ ကက်စထရိုက ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ပေးစာတစ်စောင်ကို ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်ထံ ပေးပို့လိုက်သည်။ ၎င်းစာထဲတွင် မိတ်ဆွေနှင့်အတူ အောင်ပွဲများရရှိရန်အတွက် ခိုင်ခိုင်မာမာလက်တွဲပြီး ဆက်လက်ကြိုးစားသွားနိုင်တော့မည်ဖြစ်ကြောင်း ရေးသားထားသည်။

ဖေဖော်ဝါရီ ၃ ရက်

- တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် လာမည့်မေလ၌ မော်တော်ယာဉ်စီးရေ သုံးသန်းကျော်ရှိလာမည်ဖြစ်ပြီး ၂၀၀၇ ခုနှစ်ကုန်တွင် လေးသန်းခန့်အထိ ရှိလာမည်ဟု ခန့်မှန်းထားရာ **ကမ္ဘာပေါ်တွင် မော်တော်ယာဉ်အများဆုံးမြို့ကြီးအဖြစ် ရောက်ရှိလာတော့မည်ဖြစ်ကြောင်း** တရုတ်မီဒီယာများက ဖော်ပြလိုက်သည်။
- ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ကမ္ဘာကျော် အီဖယ်လ်မျှော်စင်ကြီး ညအချိန် ငါးမိနစ်ခန့်ကြာ လျှပ်စစ်ဓာတ်အားပြတ်တောက်သွားရာ ကမ္ဘာကြီးအတွက် အကျိုးပြုရန် ခေတ္တအနားယူခြင်းဟု ခရီးသွားများက ပြောကြားခဲ့ကြသလို တာဝန်ရှိသူများကလည်း လျှပ်စစ်ဓာတ်အား **ချွေတာခြင်းတစ်ရပ်နှင့် အီဖယ်လ်မျှော်စင်အား လူမြင်ကွင်းမှ ခေတ္တမျှ ဖျောက်ထားလိုက်**ခြင်းဖြစ်သည်ဟု သတင်းထုတ်ပြန်သည်။

ဖေဖော်ဝါရီ ၄ ရက်

- အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ကုန်လှောင်ရုံကြီးတစ်ခုပြိုကျခဲ့ရာ အလုပ်သမား ၁၅ ဦးထက်မနည်း သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့သည်။ ၎င်းကုန်လှောင်ရုံ၏ နံရံများပြိုကျခဲ့ရာမှ ကုန်လှောင်ရုံကြီးတစ်ခုလုံး ပြိုကျခဲ့ခြင်းဖြစ်ပြီး အပျက်အစီးများအောက်မှ သေဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)

- ဖလော်ရီဒါပြည်နယ်တွင် လေမုန်တိုင်းများ ဆက်လက်တိုက်ခတ်နေဆဲဖြစ်ရာ ယခုအချိန်အထိ လူ ၂၀ ခန့်သေဆုံးခဲ့ရပြီး နေအိမ်အများအပြားပျက်စီးခဲ့ရသည်။ ဖလော်ရီဒါပြည်နယ်တွင် ၁၉၉၈ ခုနှစ်က လေဆင်နှာမောင်းတိုက်ခဲ့ရာ လူ ၄၂ ဦးအထိ သေဆုံးခဲ့ပြီးနောက်ပိုင်း ယခုလေမုန်တိုင်းသည် ဒုတိယမြောက် လူသေဆုံးမှုအများဆုံးပင်ဖြစ်သည်။ (အင်တာနက်)

ဒဂုံမြို့နယ် အလက(၂) အာစရိယပူဇော်ပွဲ (၁၀)ကြိမ်မြောက် ကျင်းပရေး ညှိနှိုင်းစည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

အလက(၂)ဒဂုံ(ယခင် မင်းမနိုင် အလယ်တန်းကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ယူခဲ့ကြသည့် ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား ကျောင်းသားဟောင်းများက (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မေ ၁ ရက် (အလုပ်သမားနေ့)တွင် အလက(၂)ဒဂုံ၌ ကျင်းပရန်စီစဉ်ထားသည်။

လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုသူများနှင့် အလှူငွေထည့်ဝင်လိုသူများသည် ကျောင်းအုပ်ဆရာမကြီး ဖုန်း-၃၇၉၁၇၈၊ ကိုနိုင်ဦး ဖုန်း-၀၉-၅၁-၉၉၉၉၂၊ ၀၉-၂၀၉၉၀၉၀၊ ဒေါ်စန်းစန်းဝေ ဖုန်း-၅၁၉၂၇၄၊ ဒေါ်ခင်စုစုကြည် ဖုန်း-၃၇၄၀၈၅၊ ဒေါ်ခင်အေးမူ ဖုန်း-၃၇၄၁၂၃ (ကျောင်းချိန်)၊ ကိုတင်အေး ဖုန်း-၂၄၂၄၇၂ နှင့် ကိုကျော်လင်းထက် ဖုန်း-၀၉-၉၉-၂၈၀၂၀ တို့သို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ကြသည်။ လာမည့် ဖေဖော်ဝါရီ ၁၈ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အလက(၂) ဒဂုံ၌ အာစရိယပူဇော်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေး ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ဆွေးနွေးအကြံပြုကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

တရုတ်သမ္မတဟူကျင်တောင်သည် အာဖရိကနိုင်ငံများသို့ ၁၂ ရက်ကြာခရီးအဖြစ် လှည့်လည်သွားရောက်လျက်ရှိရာ နောက်ဆုံးရောက်ရှိသည့် ဇမ်ဘီယာနိုင်ငံ၌ အထူးစီးပွားရေးဇုန် တည်ထောင်ရာတွင် ဒေါ်လာသန်း ၈၀၀ ဖိုး တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၃ ရက်က ကြေညာသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ် အရှေ့ပိုင်း၌ ၂၀၀၆ ခုနှစ် မေလမှစ၍ ရွှံ့မီးတောင်တစ်တောင်မှ ရွှံ့ညွှန်ပူများနှင့် ဓာတ်ငွေ့များ မှုတ်ထုတ်နေခြင်းကို ရပ်တန့်သွားစေရန်အတွက် ကွန်ကရစ်လောင်းပိတ်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၂ ရက်၌ ပြောကြားလိုက်သည်။

မော်တော်ကားအချိန်ကြာမြင့်စွာ မောင်းနှင်သူများသည် အရေပြားကင်ဆာဖြစ်နိုင်ကြောင်း၊ မော်တော်ကားတွင်အသုံးပြုသော မှန်အများစုသည် ယူဗွီဘီအလင်းတန်းကို ကာကွယ်နိုင်ရန်သာ ပြုလုပ်ထားသော်လည်း ပြတင်းပေါက်ဘေးမှ ဝင်လာသော နေရောင်ခြည်ကြောင့် အရေပြားကင်ဆာဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက လေ့လာတင်ပြထားသည်ကို ဖေဖော်ဝါရီ ၄ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်ရှိ နေတိုးတပ်ဖွဲ့များကို အုပ်ချုပ်နေသော အမေရိကန် ဗိုလ်ချုပ်ကြီးဒန်မက်နေးလ်ထံမှ အုပ်ချုပ်ရေးအာဏာကို ဗြိတိသျှ ဗိုလ်ချုပ်ကြီးဒေးဗစ်ရစ်ချတ်က ဖေဖော်ဝါရီ ၄ ရက်တွင် မြို့တော်ကဘူးလ်၌ အခမ်းအနားဖြင့် လွှဲပြောင်းယူခဲ့သည်။

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်း ဆာဒီနာတာအရပ်၌ ဖေဖော်ဝါရီ ၃ ရက်က ကျောက်မီးသွေးတွင်းပေါက်ကွဲခဲ့ရာ လူပေါင်း ၃၂ ဦး သေဆုံးသွားခဲ့သည်။

ချီလီနိုင်ငံတောင်ဘက်ဆုံး မြို့တစ်မြို့ဖြစ်သော ပွန်တာမြို့၌ ဖေဖော်ဝါရီ ၄ ရက်က ဟိုတယ်တစ်လုံးမီးလောင်မှုဖြစ်ပွားရာ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၁၀ ဦးသေဆုံးခဲ့သည်။ သေဆုံးသူအများစုမှာ မီးလောင်ခံရ၍ သေဆုံးခြင်းမဟုတ်ဘဲ မီးခိုးကြောင့် အသက်ရှူကျပ်ကာ သေဆုံးခဲ့ကြောင်း သိရသည်။

(အင်တာနက်)

မြန်မာ့အလင်း ပြည်တွင်းသတင်းအတိုအထွာ

စာဆိုတော်နေ့အထိမ်းအမှတ် ဟောပြောပွဲများကို နိုင်ငံအနှံ့ကျင်းပလျက်ရှိရာ ဇန်နဝါရီ၂၈ရက်က မော်လမြိုင်ပညာရေးကောလိပ်၌ စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ အကြည်တော်နှင့် ကောင်းသန့်တို့က ဟောပြောခဲ့ကြသည်။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက ရုပ်ရှင်နှင့် ပြဇာတ်ပညာဘွဲ့ကြို သုံးနှစ်သင်တန်းကို ရန်ကုန်မြို့ ယဉ်ကျေးမှုတက္ကသိုလ်၌ ဖေဖော်ဝါရီ ၁ရက်က ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းတွင် စီစဉ်ညွှန်ကြားပြသမှု၊ သရုပ်ဆောင်ပညာ၊ တည်းဖြတ်မှု၊ ဇာတ်ညွှန်းပညာနှင့် ရုပ်ရှင်ဓာတ်ပုံပညာတို့ကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသား၆၅ဦး တက်ရောက်လျက်ရှိကြသည်။

စက်မှု(၁)အထူးဈေးရောင်းပွဲတော်များ

အမှတ်(၁)စက်မှုဝန်ကြီးဌာနက အထူးဈေးရောင်းပွဲတော်များကို စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိရာ ကောလင်းမြို့၌ ဖေဖော်ဝါရီ၅ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဟုသိရပြီး မြင်းခြံမြို့၌ ဖေဖော်ဝါရီ၇ ရက်မှ ၁၆ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး သထုံမြို့၌ ဖေဖော်ဝါရီ၇ရက်မှ ၁၇ရက်အထိနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ဖေဖော်ဝါရီ ၉ရက်မှ ၂၀ရက်အထိ ကျင်းပရန် စီစဉ်ထားပြီး ရန်ကုန်တိုင်း အလုံမြို့နယ်၌ ဖေဖော်ဝါရီ၁၁ရက်မှ ၂၁ရက်အထိ ခြိမ့်ခြိမ့်သဲကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

သာသနာရေးဝန်ကြီးဌာန၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အားကစားပြိုင်ပွဲကို လွန်ခဲ့သော ဇန်နဝါရီ၄ရက်က ကျင်းပခဲ့ရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုက ပြိုင်ပွဲဆုရသူများအား တစ်ဦးချင်း ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

အသက်မွေးဝမ်းကျောင်း စက်ချုပ်သင်တန်းဖွင့်

ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်၏ အိမ်ရှင်မများဝင်ငွေတိုးစေမည့် အသက်မွေးဝမ်းကျောင်းစက်ချုပ်သင်တန်းဖွင့်ပွဲကို လွန်ခဲ့သော ဇန်နဝါရီ၃၁ရက် နံနက်က ပန်းဘဲတန်း အထက(၁)၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး အလှူရှင်များက ငွေကျပ် ၈၄၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကိုဂုဏ်ပြု၍ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများနှင့် တေးဂီတဖြေဖျော်ပွဲကို လာမည့် ဖေဖော်ဝါရီ၁၃ရက်နှင့် ၁၄ရက်တို့၌ နေပြည်တော် မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်ရေးအစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်လျက်ရှိရာ မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ခဲ့ရာ ဇန်နဝါရီ၃၁ရက်က လုပ်ငန်းများပြီးစီးခဲ့သည်။ ယင်းစက်ရုံမှ လွှင့်အား ၁ကီလိုဝပ်၊ လိုင်းနံပါတ် ၂၁ဖြင့် ဖေဖော်ဝါရီ၁ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား ဇာတ်လမ်းအစီအစဉ်များကို ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်နေပြီဟု သိရသည်။

ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲ

(၄၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁ရက်က သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပခဲ့ရာ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုကို ရန်ကုန်တိုင်းမှ မိုးချစ်သဲနှင့် အကောင်းဆုံး အမျိုးသားအားကစားသမားဆုကို မန္တလေးတိုင်းမှ ဇင်ဘိုတို့က ဆွတ်ခူးရရှိခဲ့ကြသည်။

မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ "Web Applications SIG Special Interest Group"ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကို ရန်ကုန်တိုင်း လှိုင်မြို့နယ် မြန်မာအင်ဖိုတက် အဆောင်(၄) အခန်း(၄)၌ ဖေဖော်ဝါရီ၁၀ရက်မှစ၍ ကျင်းပရန်စီစဉ်ထားပြီး အသေးစိတ်ကို ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာန အမျိုးသားခုခံအားကျနှင့် ကာလသားရောဂါတိုက်ဖျက်ရေးစီမံချက်အရ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် ယူနီဆက်(ဖ်)တို့ ပူးပေါင်းဆောင်ရွက်သည့် ပြည်သူလူထုအခြေပြု ကိုယ်ဝန်ဆောင်မိခင်မှကလေးသို့ အိပ်ချ်အိုင်ဗွီပိုးကူးစက်မှု ကာကွယ်တားဆီးရေး စီမံချက် မြို့နယ်အဆင့် အသိပေးဆွေးနွေးခြင်းနှင့် ဆင့်ပွားသင်တန်းကို ဇန်နဝါရီ၂၉ရက်က မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကင်မွန်းချောင်း အထက(၁)၌ ကျင်းပခဲ့သည်။

အိုင်တီဟောပြောပွဲများကို မြန်မာနိုင်ငံ ကွန်ပျူတာဖွံ့ဖြိုးမှုကောင်စီနှင့် e-အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့တို့၏ လမ်းညွှန်မှုဖြင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ CICC တို့၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ဇန်နဝါရီ၂၉ရက်မှ ၃၁ရက်အထိ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကွင်းဆင်းပြသ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကိုးကား-မြန်မာ့သတင်းစဉ်) (မြန်မာ့အလင်း)**

အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ စင်ကာပူအသင်းက ထိုင်းအသင်းကို နိုင်ပြီးဗိုလ်ခွဲ

ဗန်ကောက် ဖေဖော်ဝါရီ ၄

အာဆီယံချန်ပီယံရှစ် အမျိုးသားဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ဗိုလ်လုပွဲကို ဖေဖော်ဝါရီ၃ရက် ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ထိုင်းအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ဖွင့်ဆော်ဦးဂိုး

ထိုင်းအသင်းသည် ပထမအကျော့ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထား၍ အိမ်ကွင်း၌ အနိုင်ရရှိရန် အကြိတ်အနယ် တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၃၇မိနစ်တွင် ထိုင်းအသင်းမှ တွန်ကန်ယာက ဖွင့်ဆော်ဦးဂိုး သွင်းယူခဲ့သည်။

ချေပဂိုးသွင်းယူ

ထိုင်းအသင်းသည် ပထမပိုင်းပြီးသည်အထိ စင်ကာပူအသင်းကို ဖိကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းပြန်စချိန်တွင် စင်ကာပူအသင်းမှ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၈၁ မိနစ်တွင် စင်ကာပူအသင်းမှ အမ်ရီက ချေပဂိုးသွင်းယူခဲ့သည်။ နှစ်သင်းစလုံး အနိုင်ဂိုး ထပ်မံသွင်းယူရေး အကြိတ်အနယ်ကြိုးစားသော်လည်း တစ်ဖက် တစ်ဂိုးစီဖြင့် ပွဲပြီးသွားသည်။

ဆုဖလားဆွတ်ခူး

သို့ရာတွင် စင်ကာပူအသင်းသည် ပထမအကျော့တွင် ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထား၍ နှစ်ပွဲပေါင်း ရလဒ်အရ စင်ကာပူအသင်းက ထိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အာဆီယံချန်ပီယံရှစ် ဆုဖလားကြီးကို ဆွတ်ခူးသွားပြီဖြစ်သည်။

ပထမအကျော့ပွဲစဉ်တွင် ထိုင်းတို့ ပယ်နယ်တီပေးခံရသည်ကို မကျေနပ်၍ ပွဲပြီးခါနီးတွင် ၁၅မိနစ်ခန့် ကွင်းအတွင်းမှ ထွက်သွားခဲ့သည်။ သို့သော်လည်း အာဆီယံဘောလုံးအဖွဲ့ချုပ်က ဒိုင်လူကြီး၏ဆုံးဖြတ်မှု မှန်ကန်မှုရှိ၍ ထိုင်းအသင်းအား သတိပေးခဲ့ကြောင်း သိရသည်။ ။**(ကိုးကား-အင်တာနက်)**

စင်ကာပူ အောင်ပွဲခံ

ထိုင်းအသင်းအား နှစ်ပွဲပေါင်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး အာဆီယံ ချန်ပီယံရှစ် ဆုဖလားကြီး ကိုင်မြှောက်လျက်စင်ကာပူ လက်ရွေးစင် အသင်းသားများ ဤသို့ အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

မန်ယူက စပါးကို လေးဂိုးပြတ်နိုင် အမှတ်ပေးဇယား၌ ခြောက်မှတ်အသာဖြင့် ဦးဆောင်ဆဲ

သတင်းမြင်ကွင်း - မြင့်စိုး

လန်ဒန် ဖေဖော်ဝါရီ ၄

ပရီမီယာလိဂ် ပွဲစဉ် (၂၆) ဘောလုံးပြိုင်ပွဲအဖြစ် မန်ချက်စတာယူနိုက်တက်အသင်းနှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ ဖေဖော်ဝါရီ၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ အဝေးကွင်း၌ လေးဂိုးပြတ်ဖြင့် အနိုင်ရပြီး ထိုက်ထိုက်တန်တန် သုံးမှတ်ကို ရယူသွားခဲ့သည်။

ဝန်ခံပြောကြား

မန်ချက်စတာယူနိုက်တက်အသင်းသည် ပြီးခဲ့သော ဇန်နဝါရီ၂၀ရက်က အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့သည့်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ထိုစဉ်က မန်ယူအသင်းသည် တစ်ဂိုးစီ သရေကျနေချိန်၌ အဓိက ကစားသမားများဖြစ်သည့် လာဆင်နှင့် စီရိုနယ်ဒိုအား လဲထုတ်ကစားလိုက်၍ တိုက်စစ်အားကျကာ အရှုံးဖြင့် ရင်ဆိုင်ခဲ့ရသည်။ ထိုဖြစ်ရပ်ကို မန်ယူအသင်း မန်နေဂျာဖြစ်သည့် ဆာအလက်ဇ်ဖာဂူဆန်က မိမိ အမှားပြုလုပ်ခဲ့ခြင်းသာဖြစ်ကြောင်း ပွဲအပြီး ဝန်ခံပြောကြားခဲ့သည်။

ဆက်တိုက်သွင်းယူ

သို့သော်လည်း နောက်ပိုင်းပွဲစဉ်များတွင် ဖာဂူဆန်၏ ကစားသမားများသည် တိုက်စစ်အရှိန်ကို ထိန်းကစားနိုင်ခဲ့၍ နိုင်ပွဲများ ဆက်နိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင်လည်း မန်ယူတို့ ပထမပိုင်း ၄၅မိနစ်ပြည့်ခါနီးတွင် စီရိုနယ်ဒို၏ ပယ်နယ်တီဂိုးဖြင့် တော့တင်ဟမ်အသင်းကို တိုက်စစ်အရှိန်မြှင့်ကစားခဲ့၍ ဒုတိယပိုင်းတွင် သုံးဂိုးဆက်တိုက် သွင်းယူနိုင်ခဲ့သည်။

မန်ယူအတွက် ဖွင့်ဆော်ဦးဂိုးကို စီရိုနယ်ဒိုက ပယ်နယ်တီမှ တစ်ဆင့် တော့တင်ဟမ်ဟော့စပါးဘက်သို့ ဤသို့ သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ယမန်နှစ်ရာသီတွေ့ဆုံမှု

တော့တင်ဟမ် ၁-၂ မန်ယူ
၂၀၀၆ ခုနှစ် ဧပြီ ၁၇ ရက်၊ ဒိုင်လူကြီး-မတ်ခ်ဟယ်ဆေး
တော့တင်ဟမ် ဂိုးသွင်းသူ-ဂျီးနက်စ်(၅၃ မိနစ်)
မန်ယူ ဂိုးသွင်းသူ-ရွန်နေ (၈ မိနစ်နှင့် ၃၆ မိနစ်)

ယခုနှစ်ရာသီဆုံတွေ့မှု

မန်ယူ ၁-၀ တော့တင်ဟမ်
၂၀၀၆ ခုနှစ် စက်တင်ဘာ ၉ ရက်၊ ဒိုင်လူကြီး-မိုက်ရိလီ
မန်ယူ ဂိုးသွင်းသူ-ရိုင်ယန်ဂစ်(၉ မိနစ်)

ထိပ်တိုက်တွေ့ဆုံမှု

လိဂ်ပြိုင်ပွဲများ - တော့တင်ဟမ် နိုင် ၃၅ ပွဲ၊ မန်ယူ နိုင် ၆၈ ပွဲ၊ သရေ၃၆ ပွဲ
ပရီမီယာရှစ် - တော့တင်ဟမ် နိုင် ၃ ပွဲ၊ မန်ယူ နိုင် ပွဲ ၂၀၊ သရေ၅ ပွဲ

ယနေ့ပွဲစဉ်

မန်ယူအသင်း - ဗန်ဒါဆာ၊ နဗီးလ်၊ အီဗရာ၊ ဖာဒီနန်၊ ဗီဒစ်၊ စီရိုနယ်ဒို၊ ကာရစ်၊ ပေါလ်စခိုး၊ ဂစ်၊ ရွန်နေနှင့် လာဆင်။
လူစားလဲ - ရွန်နေအစား ဆာဟာ(၆၄ မိနစ်)
စီရိုနယ်ဒိုအစား ပတ်ဂျီဆန်(၆၈ မိနစ်)
ဂစ်အစား အိုရှီးယား(မိနစ် ၈၀)
မန်ယူဂိုးသွင်းသူများ - စီရိုနယ်ဒို ၄၅ မိနစ် (ပယ်နယ်တီ)
ဗီဒစ် ၄၈ မိနစ်၊ ပေါလ်စခိုးလ် ၅၄ မိနစ်၊
ရိုင်ယန်ဂစ် ၇၇ မိနစ်
မန်ယူရပ်တည်မှု - အမှတ်ပေးဇယား နံပါတ် ၁၊
ရမှတ် ၆၃ မှတ်
တော့တင်ဟမ် - ရော်ဘင်ဆင်၊ ချင်ဘွန်ဒါ၊ လီ၊ ဒေါ်ဆင်၊ ဂတ်ဒ်နာ၊ လင်နွန်၊ ဟတ်ဒယ်စတုန်း၊ ဇိုကိုရာ၊ မဲလ်ဘတ်၊ ဒီဖိုးနှင့် ဘာဘာတော့ဗ်။
တော့တင်ဟမ်ရပ်တည်မှု - အမှတ်ပေးဇယားနံပါတ် ၁၁၊
ရမှတ် ၃၃ မှတ်။ ။**(ကိုးကား-အင်တာနက်)**

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၄ရက်က သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနှင့် အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာသော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်ဇနီးအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr.P.A.D Samarasekera ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗဟိုစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်း ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြည်ထဲရေးဝန်ကြီးဌာန ဗဟိုစိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်း ကြီးကြပ်မှုကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အကျဉ်းဦးစီးဌာနတွင် ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

မှာကြား

အစည်းအဝေးတွင် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဇော်ဝင်းနှင့် ညွှန်ကြားရေးမှူးများက စပါးစိုက်ပျိုးထားမှုနှင့် ထွက်ရှိမှုအခြေအနေများ၊ အခြားသီးနှံများ စိုက်ပျိုးမှု၊ မွေးမြူမှုနှင့် ကုန်ထုတ်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ အလေအလွင့်နည်းပါးရေး၊ အထွက်နှုန်းတိုးတက်ရေးတို့အတွက် စနစ်တကျဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

အကျိုးကျေးဇူးကြီးမား

ထိုသို့ မြှင့်တင်ဖော်ဆောင်ပေးလျက်ရှိရာတွင် နိုင်ငံတစ်ဝန်းလုံး၌ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးနေခြင်းလည်း အပါအဝင်ဖြစ်ကြောင်း၊ စေတနာရှင်ပြည်သူများက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စာအုပ် စာစောင်များ လှူဒါန်းခြင်းသည် မွန်မြတ်သည့် ဒါနဖြစ်သကဲ့သို့ အမှန်တကယ်လိုအပ်ချက်ကို ဖြည့်စွက်လှူဒါန်းခြင်းမျိုးလည်းဖြစ်၍ အကျိုးကျေးဇူးကြီးမားကြောင်း၊ ယနေ့ဆိုလျှင် တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း ၆၁၉၄၉ရွာ ရှိသည့်အနက် ကျေးရွာ ၅၄၇၀၇ရွာ၌ စာကြည့်တိုက်များ တည်ရှိနေပြီဖြစ်ကြောင်း၊ ကမ္ဘာနှင့်အဝန်း လေ့လာကြည့်လျှင် ကျေးရွာတိုင်း၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ရေးကို သီးသီးသန့်သန့် စီမံချက်ချ၍ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံ၌ ပထမဦးဆုံးဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ကျယ်ပြန့်ထိရောက်စွာ ဖွင့်လှစ်နိုင်ခြင်းသည် စေတနာရှင်ပြည်သူများ၏ ပူးပေါင်းပါဝင် လှူဒါန်းမှုကြောင့်လည်းဖြစ်ကြောင်း၊ သို့အတွက် နိုင်ငံတော်နှင့် ကျေးလက်ပြည်သူများ၏ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း၊ အဆိုပါ စာကြည့်တိုက်များ ရေရှည်တည်တံ့ အောင်မြင်ရေးအတွက် မိမိတို့နှင့်အတူ အားလုံးဝိုင်းဝန်းပူးပေါင်းလျက် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းအပ်ပါကြောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရေရှည်တည်တံ့ ဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ဖော်ဆောင်လျက်ရှိရာ အလှူရှင်များ၏အား၊ နိုင်ငံတော်၏ ပံ့ပိုးမှုအား၊ ဒေသအာဏာပိုင်များ၏အား၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မိမိတို့ဌာနမှ ဝန်ထမ်းများ၏ အားများဖြင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စေတနာရှင်ပြည်သူများကလည်း ယခုကဲ့သို့ပင် အဆက်မပြတ် ဆက်လက်ပံ့ပိုးကူညီ လှူဒါန်းသွားကြမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် စေတနာရှင် အလှူရှင်များဖြစ်ကြသော တူဒေးစာနယ်ဇင်းထုတ်ဝေရေးလီမိတက်မှ ဒေါက်တာသာထွန်းဦးက ငွေကျပ် ၄၂၈၈၃၀၀ တန်ဖိုးရှိ စာအုပ် ၄၁၇၀၊ ရန်ကုန်လမ်းညွှန်မှ မန်နေဂျင်းဒါရိုက်တာ ဦးမိုးကျော်က ငွေကျပ် ၂၈သိန်းတန်ဖိုးရှိ စာအုပ် ၈၀၀၊ မြန်မာပြည်သားမဂ္ဂဇင်းမှ ဦးသောင်းစုညိမ်းက ငွေကျပ် ၁၃၅၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်းအုပ်ရေ ၁၃၅၀၊ စေစားရာ မီဒီယာအုပ်စုမှ ဦးသက်ဦး(ခေါ်)သျှားညိုက ငွေကျပ် ၆၂၀၀၀၀ တန်ဖိုးရှိ စာအုပ် ၅၀၀၊ အဖွားရတနာစာပေမှ ဦးမင်းကိုကိုနှင့် မိသားစုက ငွေကျပ် ၃၄၃၅၀၀တန်ဖိုးရှိ စာအုပ် ၂၁၁၀၊ ရွှေကျားပုံနှိပ်တိုက်မှ ဦးအောင်ကျော်သူလွင်က ငွေကျပ် ၂၈၀၀၀၀ တန်ဖိုးရှိ စာအုပ် ၃၅၀၊ ဗြူတီမဂ္ဂဇင်းမှ ဦးဝင်းမျိုးသူက ငွေကျပ် ၂၄၉၆၀၀ တန်ဖိုးရှိ မဂ္ဂဇင်း ၁၂၄၈အုပ်၊ ဇော်စာပေမှ ဦးခင်မောင်စိန်က ငွေကျပ် ၁၂၄၀၀၀ တန်ဖိုးရှိ စာအုပ် ၁၈၀၊ ကြောင်နှစ်ကောင်စာပေမှ မောင်မျိုးက ငွေကျပ် ၁၂၃၆၀၀ တန်ဖိုးရှိ အိုင်ဒီယာမဂ္ဂဇင်းနှင့် မှုခင်းရောင်စုံမဂ္ဂဇင်း ၇၁၆အုပ်၊ တောင်ချွန်းဆောက်လုပ်ရေးကုမ္ပဏီမှ ဦးကျော်စိုးက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ စာအုပ် ၁၄၀၊ အမေ့သား ထိုက်စာပေမှ ဦးစိုးရှိန် (မောင်စိုးထိုက်–သုံးဆယ်)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ် ၁၀၀နှင့် ကောလင်းမြို့နယ် ကျော်ဇေယျာရပ်ကွက်နေ ကိုနေ(ကောလင်း)က ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ်၅၀ အပါအဝင် အလှူရှင် ၁၂ဦးတို့က ငွေကျပ် ၁၀၄၇၉၀၀၀ တန်ဖိုးရှိ စာအုပ် ၁၁၇၁၄ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လက်ခံပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ လှူဒါန်းပွဲကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စေတနာရှင် အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **(သတင်းစဉ်)**

နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများဆောင်ရွက် ထူးချွန်ထက်မြက်သူများဖြစ်အောင်ကြိုးစား

ရန်ကုန် ဖေဖော်ဝါရီ ၄

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး လိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ဒဂုံတက္ကသိုလ်သို့ရောက်ရှိရာ ဒုတိယပါမောက္ခချုပ် ဦးဆန်းနှင့် ပါမောက္ခ၊ ဌာနမှူးများက သုတေသနလုပ်ငန်းလုပ်ဆောင်နေမှုများ၊ သင်ကြားရေးလုပ်ငန်းများ၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)သို့ ရောက်ရှိရာ ပါမောက္ခချုပ် ဒေါက်တာကံဇော်နှင့် ပါမောက္ခ၊ ဌာနမှူးများက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် သဃ်န်းကျွန်း ပညာရေးကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါ်ချိုချို နှင့် ဆရာ ဆရာမများက သင်ကြားရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

လေ့ကျင့်

ယင်းနောက် ဝန်ကြီးက အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများဖြစ်အောင် လေ့ကျင့်ပေးရေး၊ Language Lab များ ထိရောက်စွာအသုံးပြုသင်ကြားရေး၊ သိပ္ပံဘာသာရပ်များ လက်တွေ့သင်ကြားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ရန်ကင်းပညာရေးကောလိပ်

ထိုမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ရန်ကင်းပညာရေးကောလိပ်သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးမဲအောင်နှင့် ဆရာ ဆရာမများက သင်ကြားရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဝန်ကြီးက အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများဖြစ်အောင် သင်ကြားပေးရေး၊ သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းရေး၊ ထူးချွန်ထက်မြက်သူများ ဖြစ်အောင်ကြိုးစားရေးတို့ကို ဆွေးနွေးမှာကြားသည်။

သုတေသနလုပ်ငန်းများ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်သို့ ရောက်ရှိရာ ဒုတိယပါမောက္ခချုပ် ဦးသိန်းဝင်းက သင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ပူးပေါင်းဆောင်ရွက်

ထို့နောက် ဝန်ကြီးက နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ သင်ကြားရေးလုပ်ငန်းများ ထိရောက်ရေး၊ တက္ကသိုလ်အချင်းချင်းနှင့် ဆက်နွယ်ဘာသာရပ် အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ကလေးမြို့ သမိုင်းဝင် စကားလှဘုရားကြီးပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများဒေသစာရီ ကြွချီပူဇော်ပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

စစ်ကိုင်းတိုင်း ကလေးမြို့ စကားလှဆရာတော် ဦးဓမ္မပါလ ဦးစီး၍ သမိုင်းဝင် စကားလှဘုရားကြီးပွဲတော်နှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီ ကြွချီပူဇော်ပွဲများကို ဖေဖော်ဝါရီ ၅ရက်မှ ၉ရက်အထိ စစ်ကိုင်းတိုင်း ကလေးမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ကျောဖုံးမှ

အစားထိုးခဲ့

၂၀၀၂ခုနှစ်အတွင်း လာရောက် ခြေစမ်းကစားခဲ့သည့် ကိုရီးယားတက္ကသိုလ်အသင်းများမှာ အူလ်ဆန်တက္ကသိုလ်အသင်း၊ ယွန်ဆေးတက္ကသိုလ်အသင်းနှင့် ဆန်ဂျီးတက္ကသိုလ်အသင်းတို့ ဖြစ်ကြသည်။

ဒုတိယရရှိ

ယခုခြေစမ်းပွဲ လာရောက်ယှဉ်ပြိုင်သည့် အူလ်ဆန်တက္ကသိုလ်အသင်းသည် ၂၀၀၆ခုနှစ် ကိုရီးယား FA ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဟန်နမ်းတက္ကသိုလ်လက်ရွေးစင်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ လေးဂိုး–နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အူလ်ဆန်တက္ကသိုလ်အသင်းသည် ၂၀၀၁ခုနှစ်အတွင်းက ကျင်းပသည့် (၄၉)ကြိမ်မြောက် President Cup ပြိုင်ပွဲတွင် ကွန်ဂျီးတက္ကသိုလ်အသင်းကို ရှုံးနိမ့်ကာ ဒုတိယရရှိခဲ့သည်။

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်မည့် ဘဏ္ဍာ/အခွန်ဘောလုံးအသင်းသည် အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ဘောလုံးပြိုင်ပွဲ၌ အမှတ်အများဆုံးဖြင့် ဦးဆောင်နေသော အသင်းဖြစ်သည်။ ဘဏ္ဍာ/အခွန် အသင်းကို အကြံပေးအဖြစ် ဦးခင်မောင်ကြိုင်၊ နည်းပြများအဖြစ် ဦးတင်မောင်သိန်း၊ ဦးရွှေဘော်နှင့် ဦးစိုးနိုင်တို့က တာဝန်ယူ ဆောင်ရွက်လျက်ရှိသည်။

အတွေ့အကြုံ

ဘဏ္ဍာ/အခွန်အသင်း၏ အကြံပေးဖြစ်သူ ဦးခင်မောင်ကြိုင်က “လက်ရှိအသင်း၌ ဂိုးသမား အောင်အောင်ဦး၊ ဟိန်းဇေယျာကျော်နှင့် စိုးမြတ်မင်းတို့ ထိခိုက်ဒဏ်ရာရရှိထားကြောင်း၊ အတွေ့အကြုံရှိသည့် ရန်ပိုင်၊ ကျော်သူရနှင့် လွင်ဦးတို့ကို လူငယ်ကစားသမားများနှင့် ပေါင်းစပ်၍ အူလ်ဆန်တက္ကသိုလ်အသင်းကို ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်း လေ့ကျင့်ခန်း ပြန်ဆင်းသည်မှာ မကြာသေးကြောင်း၊ အသင်း၏ အမာခံ ကစားသမားများ ထိခိုက်ဒဏ်ရာ ရရှိနေ၍ လူငယ်များကို ထည့်သုံးခြင်းဖြင့် အတွေ့အကြုံရမှာဖြစ်ကြောင်း၊ အသင်းခေါင်းဆောင် မျိုးလှိုင်ဝင်း လေ့ကျင့်ခန်း ပြန်ဆင်းနေပြီဖြစ်၍ အသင်းကို ဦးဆောင်ထိန်းကျောင်းရန် အချိန်ပိုင်းလောက် ပါဝင်ကစားနိုင်မှာဖြစ်ကြောင်း” ပွဲကြိုပြောကြားသည်။

အစားထိုးခဲ့

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မူလက အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းကစားရန် မြန်မာ(ယူ–၂၃)အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ကို ရွေးချယ်စီစဉ်ထားသော်လည်း မြန်မာ(ယူ–၂၃)အသင်းသည် ဘေကျင်းအိုလံပစ်ပထမအဆင့် ခြေစစ်ပွဲအဖြစ် ဖေဖော်ဝါရီ ၇ရက်တွင် မြန်မာနိုင်ငံ၌ အိန္ဒိယ(ယူ–၂၃)အသင်းနှင့် ယှဉ်ပြိုင်ကစားရန်ရှိသဖြင့် အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်းအသင်းနှင့် အစားထိုးခဲ့ခြင်းဖြစ်သည်။

ပါဝင်လျက်ရှိ

အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ခြေစမ်းကစားမည့် ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့အနေဖြင့် မြန်မာ(ယူ–၂၃)အသင်းမှ အားကစားသမားများကို ထည့်သွင်း ကစားခွင့်ရမည်မဟုတ်ချေ။ ဘဏ္ဍာ/အခွန်အသင်းမှ ခင်မောင်ထွန်းနှင့် ထူးကျော်၊ စီးပွား/ကူးသန်းအသင်းမှ မိုးဝင်း၊ အောင်မျိုးသန့်၊ ရာဇာဝင်းသိန်းနှင့် မျိုးမင်းထွန်းတို့သည် မြန်မာ(ယူ–၂၃)အသင်း၌ ပါဝင်လျက်ရှိသည်။ စီးပွား/ကူးသန်းအသင်းသည် အဆင့်မြင့်တန်း အမှတ်ပေး(မြန်မာလိဂ်)ပြိုင်ပွဲတွင် တတိယနေရာ၌ ရပ်တည်နေသောအသင်းဖြစ်သည်။

သတင်းစကားပါး

အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းသည် ဘဏ္ဍာ/အခွန်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားပြီးနောက် ဖေဖော်ဝါရီ ၆ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ–ကိုရီးယား ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ပွဲစဉ်များအတွက် ကွင်းဝင်ကြေးအဖြစ် အထူးတန်း ကျပ်၂၀၀၀၊ ရိုးရိုးတန်း ကျပ်၁၀၀၀ သတ်မှတ်ထားသည်။ အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့၏ ပွဲစဉ်သည် နိုင်ငံတကာ ဘောလုံးပြိုင်ပွဲကို မျှော်လင့်တောင့်တနေကြသော မြန်မာဘောလုံးဝါသနာရှင်များ အကြိုက်တွေ့မည့် ပွဲကောင်းတစ်ပွဲဖြစ်ကြောင်း သတင်းစကားပါး ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

5-2 (06) 1 2/5/07, 4:12 PM

■ *ကျောဖုံးမှ*

ဝင့်ကြွားထည်ဝါ

ကြိုဆိုရေးမုခ်ဦးဝ၌ ပန်းပွင့်များဖြင့် ပြုလုပ်ထားသော မြွေနှစ်ကောင် ပုံသဏ္ဌာန်မှာလည်း တကယ့်မြွေကြီးများအလား ထင်မှတ်မှားစရာကောင်းသလို ဖျော်ဖြေရေးစင်မြင့် လေးခုမှာ

မြိုင်ရာဇာတွတ်ပီ၊ မသေးမျှင်နှင့် တပည့်ကျော်ဖိုက်ကလေးတို့ကလည်း ဤသို့ ဟန်ပန်အပြည့်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

လည်း ဝင့်ကြွားထည်ဝါသော အပြင်အဆင်များဖြင့် ပရိသတ်များကို ဖျော်ဖြေရန် ငံ့လင့်နေလျက်ရှိနေပြီဖြစ်သည်။

ခပ်လှမ်းလှမ်းတွင် လူအုပ်ကြီး စုပြုံ တိုးဝှေ့ ကြည့်ရှုနေကြသဖြင့် လှေ့လာလိုက်ရာ "ဒါက ကာတွန်းသရုပ်ဆောင်များရဲ့ တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်အလှပြတဲ့ အစီအစဉ်ပါ၊ ဒီပျော်ပွဲရွှင်ပွဲကို လာတဲ့သူတွေ စိတ်ပျော်ရွှင်ကြည်နူးမှုဖြစ်အောင် စီစဉ်ထားတာပါ၊ အခု လေ့ကျင့်နေတာဖြစ်ပါတယ်"ဟု Event Master Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ကိုမိုးအောင်ဆွေက မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဖျော်ဖြေမည်

မြန်မာနိုင်ငံတွင် နာမည်ကျော်ကြား လူကြိုက်များသော ကာတွန်းဇာတ်ကောင်များဖြစ်သည့် မြိုင်ရာဇာတွတ်ပီ၊ မသေးမျှင်နှင့် တပည့်ကျော်ဖိုက်ကလေးတို့၏ အဝတ်အစားများဖြင့် ဟန်ရေးပြနေပုံများ၊ ဟာသကာတွန်းသရုပ်ဆောင် မောင်မောင်ဇာ၊ လေးမွန်၊ ထွေးမွန်၊ ပိုးချစ်၊ ရွှေအိနှင့် ရွှေဘုတ်တို့၏ပုံစံ အဝတ်အစားများဖြင့် သရုပ်ပြနေမှု၊ ဟာသကာတွန်းသရုပ်ဆောင် ဖိုးဆိတ်နှင့် မျောက်ညိုတို့၏ ပုံစံအတိုင်း သရုပ်ဆောင်နေမှု၊ ကာတွန်းသရုပ်ဆောင် သူခိုးတောက်ပြားပုံစံကလည်း စိတ်ဝင်စားဖွယ်ကောင်းသလို ဟာသကာတွန်းသရုပ်ဆောင် သမိန်ပေါသွပ်၊ ရှင်ဥမ်းဂို၊ တောင်ပုလုမြို့စားနှင့် အာတာလွတ်မြို့စားတို့ သရုပ်ဆောင်မှုကလည်း အိုက်တင်အပြည့်၊ ကာတွန်း သရုပ်ဆောင် ဦးစံရှား၊ ဦးဒိန်းဒေါင်တို့ကလည်း တွေ့ရသည်နှင့် ရယ်ချင်စရာဖြစ်အောင် ဟန်နှင့်ပန်နှင့် ရွှေပွဲလာပရိသတ်ကို ဖျော်ဖြေကြမည်ဖြစ်သည်။

ထိုကာတွန်း သရုပ်ဆောင်များသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အဝင်ဝမှနေ၍ နေရာအနှံ့ သွားလာကာ ပရိသတ်များနှင့် ဓာတ်ပုံတွဲရိုက်ခြင်း၊ ရေကန်ဘေး ကုန်းမြင့်ထက်၌ အကောင်းဆုံး သရုပ်ဖော်ပြကွက်များဖြင့် တင်ဆက်ခြင်းများ ပြုလုပ်ကာ ဖျော်ဖြေကြမည်ဖြစ်သည်။ ယခုကဲ့သို့သော ကာတွန်းဇာတ်ကောင်များ၏ တိရစ္ဆာန်ဥယျာဉ်အတွင်း လှည့်လည်အလှပြခြင်း အစီအစဉ်သည် မြန်မာနိုင်ငံ၌ ပထမဆုံး အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ဖက်ရှင်ရှိုး

ထို့နောက် မော်ဒယ်ရှိုးစင်မြင့်ဘက်သို့ရောက်ရှိခဲ့ပြန်သည်။ "ဒီမော်ဒယ်ရှိုးမှာက အရင်ပြသခဲ့ဖူးတဲ့ မော်ဒယ်ရှိုးတွေလိုမဟုတ်ဘဲ တောတွင်းဆန်တဲ့ အဝတ်အစားတွေနဲ့ ဝတ်စားပြီး ဖက်ရှင်ရှိုးပြသကြမှာပါ။ ထူးခြားအောင် စီစဉ်ထားခြင်းဖြစ်လို့ ပရိသတ်တွေ စိတ်ဝင်စားကြမှာပါ"ဟု ကိုမိုးအောင်ဆွေက ပြောကြားသည်။

ဖျော်ဖြေရေးစင်မြင့် လေးခုပြုလုပ်ထားရာ ဆပ်ကပ်နှင့် မျက်လှည့်ပြပွဲစင်၊ စတိတ်ရှိုးတေးဂီတဖျော်ဖြေရေးစင်၊ ပျော်ရွှင်ဖွယ်ရာ ဂိမ်းကစားစင်နှင့် ဖက်ရှင်ရှိုးပြပွဲစင်တို့ ပါဝင်လေသည်။

သမိန်ပေါသွပ်၊ ရှင်ဥမ်းဂိုနှင့် အာတာလွတ်မြို့စားကြီးတို့ကလည်း ပီပီပြင်ပြင်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ဝက်ဝံမလေးဂျက်

ဆပ်ကပ်နှင့် မျက်လှည့်ပြပွဲအတွက် လေ့ကျင့်နေသော ဝက်ဝံမလေးဂျက်၏ ဆွဲခြင်းတောင်းကို လက်တွင်ချိတ်ပြီး လမ်းလျှောက်ထွက်လာပုံကလည်း တကယ့်လူသားတစ်ဦးကဲ့သို့ ဣန္ဒြေရရနှင့် အမှားအယွင်းမရှိ ပီပြင်လှသည်။ အင်္ကျီ၊ ဘောင်းဘီတို့နှင့် အသားကျကျ ဝတ်ဆင်ထားမှုကလည်း လိုက်ဖက်လှသည်။

ဆင်လိမ္မာ ပြကွက်အတွက် လေ့ကျင့်နေသော ဆင်ထီးလေးများဖြစ်သည့် ဝင်းကျော်ထွန်းနှင့် ဝင်းသန်းထွန်းတို့ကလည်း လူနှင့်အပြိုင် ယဉ်ကျေးလိမ္မာ သိမ်မွေ့မှုနှင့် သည်းထိတ်

ဝက်ဝံမလေး ဂျက်က ဆွဲခြင်းတောင်းကို လက်တွင်ချိတ်ဆွဲပြီး လမ်းလျှောက်တင်ဆက်ပြသစဉ်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

ရင်ဖိုပြကွက်များကလည်း ရွှေပွဲလာများအား အံ့သြငေးမောဖွယ်ရာ ဖြစ်အောင် သရုပ်ပြကြမည်ဖြစ်သည်။ ကလေးလူကြီးအားလုံး အကြိုက်တွေ့စေမည့် ပြကွက်များပင် ဖြစ်သည်။

ထူးခြားဆန်းကြယ်

ထို့အပြင် တိရစ္ဆာန်ဥယျာဉ်အတွင်း အသိပညာပေးပြခန်းဖြစ်သည့် သစ်တောရေးရာဝန်ကြီးဌာနပြခန်းတွင် ရှေးခေတ်အဆက်ဆက်က သတင်းစာများတွင် ဖော်ပြခဲ့သော တိရစ္ဆာန်အကြောင်း သတင်းနှင့် မှတ်တမ်းတင်ဓာတ်ပုံများ၊ ခေတ်အဆက်ဆက် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ အုပ်ချုပ်ရေးမှူးများနှင့် နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ဓာတ်ပုံများကို ခင်းကျင်းပြသထားသည့်အပြင် ထူးခြားဆန်းကြယ်သည့် တိရစ္ဆာန်ဓာတ်ပုံများကိုလည်း ပြသထားသည်ဖြစ်ရာ ဗဟုသုတ ဖြစ်ဖွယ်ပင်ဖြစ်သည်။

တစ်ဖန် ပျော်ပွဲရွှင်ပွဲရက်များတွင် တိရစ္ဆာန်ဥယျာဉ်အတွင်း နေရာပေါင်း ၁၀၀ ခွဲကာ ဂျိုကာဝတ်စုံ ဝတ်ဆင်ထားသူ အရုပ် ၂၀က ကလေးများအတွက် အရုပ်နှင့် ကစားစရာများကို အထူးသက်သာသော နှုန်းထားဖြင့် ရောင်းချပေးမည့် အစီအစဉ်လည်း ပါရှိသဖြင့် ကလေးများ အကြိုက်တွေ့စေမည်ဖြစ်သည်။

တေးဂီတဖျော်ဖြေပွဲ

စတိတ်ရှိုး တေးဂီတဖျော်ဖြေပွဲတွင်လည်း အဆိုတော်ပေါင်း၂၀၀ခန့်က နေ့စဉ် မွန်းလွဲ ၁နာရီမှ ညနေ ၆နာရီအထိ အားပါးတရ ဖျော်ဖြေကြမည်ဖြစ်ရာ တေးဂီတ ကြိုက်နှစ်သက်သူများအတွက် ကြိုတောင့်ကြိုခဲ အခွင့်အရေးပင်ဖြစ်သည်။

ထို့အပြင် အထူးသက်သာသော နှုန်းထားဖြင့်ရောင်းချမည့် စားသောက်ဆိုင်များကလည်း အရှေ့၊ အနောက်၊ တိုင်းရင်းသားရိုးရာ အစားအစာများ အားလုံးမကျန်အောင် ရောင်းချပေးမည်ဖြစ်ရာ အစားအစာ ခုံမင်သူတို့အတွက်လည်း စိတ်တိုင်းကျစေရာ ဖြစ်စေမည်ဖြစ်သည်။

ပျော်ပျော်ပါးပါးဆင်နွှဲ

ယခုကဲ့သို့ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) (၁၀၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲ ရွှင်ပွဲသည် ပြည်သူများအား သဘာဝခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သိရှိလာစေရန် ဆောင်ရွက်ပေးနိုင်သလို အပန်းဖြေပျော်ရွှင်မှုကိုလည်း ဖြစ်ပေါ်စေနိုင်သဖြင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲသို့ ရောက်အောင်လာပြီး ပျော်ပျော်ပါးပါး ဆင်နွှဲသင့်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

စုံထောက်ကြီးဦးစံရှားနှင့် ဦးဒိန်းဒေါင်တို့ကလည်း မှန်ဘီလူးကြီး တဝင့်ဝင့်ဖြင့် .....။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

တောတွင်းသူလေးများ၏ တေးဂီတတီးခတ်မှု လေ့ကျင့်စဉ်မြင်ကွင်းမှာ ဤသို့ .....။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)(၁၀၁)နှစ်မြောက်မွေးနေ့

(၆–၂–၂၀၀၇)ရက်နေ့မှ (၁၀–၂–၂၀၀၇)အထိ
ကျင်းပမည်။

တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးပ

မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ် နိုင်ရေး ရည်ရွယ်ချက်ဖြင့် အမေရိကန်နှင့် ဗြိတိန်တို့ပူးပေါင်းပြီး ၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၁၂ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် (Resolution)မူကြမ်းတင်သွင်းခဲ့ပါသည်။

အဆိုပါ ဆုံးဖြတ်ချက်မူကြမ်းတွင် အမေရိကန်နှင့် ဗြိတိန်တို့ အဓိက တောင်းဆိုထားသည့် အချက်မှာ မြန်မာနိုင်ငံ၌ စစ်မှန်သော ဒီမိုကရေစီ ပြောင်းလဲမှု ဖြစ်ပေါ်ရေးအတွက် "တွေ့ဆုံဆွေးနွေးမှုတစ်ရပ်ကို အမြန်ဆုံးဆောင်ရွက်ရန်"ဟူ၍ ဖြစ်ပါသည်။

အမေရိကန်နှင့်ဗြိတိန်တို့၏ အဆိုပါ တောင်းဆိုချက်သည် NLD နှင့် အပေါင်းပါများ၊ ပြည်ပြေးများ၊ လက်ကျန် သောင်းကျန်းသူများ တစာစာတောင်းဆိုနေသည့် တွေ့ဆုံနွေးနွေးရေး (Dialouge)၊ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးရေးဆိုသည်များနှင့် ဒီပုတ်ထဲကဒီပဲ တစ်လေသံတည်းဖြစ်နေကြောင်း တွေ့ရှိရပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ၎င်းတို့ သဲကြီးမဲကြီးတောင်းဆိုနေကြသည့် တွေ့ဆုံဆွေးနွေးမှုဆိုသည်ကို မလုပ်ခဲ့၍လား၊ လုပ်ခဲ့လျှင်လည်း မည်မျှ အတိုင်းအတာအထိ လုပ်ဆောင်ခဲ့သည်ကို ပြန်လည်လေ့လာ ဆန်းစစ်ကြည့်ရန် လိုအပ်လာပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံရေးခရီးလမ်းတွင် ကိုယ်တိုင်ပါဝင် ဖြတ်သန်းလျက်ရှိပြီး အတွေ့အကြုံ ဗဟုသုတများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေကြသော ဘကြီးစိုးနှင့် ကြီးကြီးမြတို့ထံ မေးမြန်းဆွေးနွေးရန် ကျွန်တော်ရောက်ရှိသွားခဲ့ပါသည်။ ဘကြီးစိုးသည် တက္ကသိုလ်တွင် ပါမောက္ခအဆင့်အထိ တာဝန်များထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသည့်တိုင် အမျိုးသားညီလာခံတွင် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၌ ပါဝင်တက်ရောက်နေသူ ဖြစ်ပါသည်။ ကြီးကြီးမြကလည်း အထက်တန်း ကျောင်းအုပ်အဖြစ်မှ သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါသည်။

ကြီးကြီးမြ ။ လာဟေ့ မောင်ကျော်၊ မင်းဘကြီး စာကြည့်ခန်းထဲမှာ ရှိတယ်။ မနေ့တစ်နေ့ကတောင် မင်းကို မေးနေသေးတယ်။

စိုးမြကျော် ။ ဒါဆို ကျွန်တော် ဘကြီးနဲ့ သွားတွေ့လိုက်ဦးမယ်။

ကြီးကြီးမြ ။ အေး အေး၊ ကြီးကြီး စားစရာသောက်စရာလေးတွေ စီစဉ်ပြီးလာခဲ့မယ်။

ဘကြီးစိုး ။ မောင်ကျော်တစ်ယောက် အလုပ်တွေများနေတယ် ထင်တယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာ ၂၉ ရက် အမျိုးသားညီလာခံ ခေတ္တရပ်နားချိန်ကစပြီး မတွေ့ရတော့ဘူး။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး။ ကျွန်တော်လဲ အကြောင်းရှိမှပေါ်လာသလိုဖြစ်နေပြီ။

ဘကြီးစိုး ။ ရပါတယ်ကွယ်။ အကြောင်းရှိတိုင်း အကျိုးရှိအောင်လို့ သက်ကြီးစကား သက်ငယ်ကြားဆိုသလို ဘကြီးတို့ဆီ လာရောက်မေးမြန်း ဆွေးနွေးနေတာ မင်္ဂလာတရားနဲ့ လျော်ညီပါပေတယ်။

စိုးမြကျော် ။ အကြောင်းကတော့ ဒီလိုပါဘကြီး၊ ဘကြီးလဲကြားသိဖတ်ရှုပြီး ဖြစ်ပါလိမ့်မယ်။ အမေရိကန်နဲ့ ဗြိတိန်တို့ ပေါင်းပြီး လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ဆုံးဖြတ်ချက်ချမှတ်အရေးယူနိုင်ဖို့ အဆိုပြုချက်မူကြမ်း တင်သွင်းခဲ့တဲ့ ကိစ္စပါပဲ ။

ကြီးကြီးမြ ။ ကဲ-အမောပြေအောင် အအေးလေးသောက်လိုက်ဦး။

ဘကြီးစိုး ။ အမေရိကန်နဲ့ ဗြိတိန်တို့ လုံခြုံရေးကောင်စီမှာ တင်တဲ့ ကိစ္စက အစကတည်းက ရှင်းနေတာပဲကွယ်၊ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စသက်သက်ကို မဆီမဆိုင် လုံခြုံရေးကောင်စီထဲ ဆွဲသွင်းနေတာဖြစ်လို့ Agenda တင်ကတည်းကိုက အားလုံးက ဝိုင်းပြီးကန့်ကွက်ခဲ့ကြတယ်မဟုတ်လား။

ကြီးကြီးမြ ။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေကရော၊ အမှန်တရားနဲ့ တရားမျှတမှုကို လိုလားကြတဲ့ နိုင်ငံတွေကရော၊ ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကြီးကပါ ဝိုင်းပြီး ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်လေ။

စိုးမြကျော် ။ မှန်ပါတယ်ခင်ဗျာ။ Agenda တင်တုန်းက ဆန့်ကျင်ကန့်ကွက်ခဲ့ကြသလို အခုဆုံးဖြတ်ချက်(Resolution) မူကြမ်းတင်တော့လဲ အားလုံးက ဆန့်ကျင်ကန့်ကွက်ခဲ့ကြပါတယ်။ လုံခြုံရေးကောင်စီမှာ မကြုံစဖူး ဗီတိုအာဏာ (Double Veto)သုံးပြီးတော့တောင် ပယ်ချခဲ့ပါတယ်။

ဘကြီးစိုး ။ ဒါဟာ လောကနိယာမအတိုင်း အမှန်တရားက နောက်ဆုံး အောင်ပွဲခံသွားတာပဲကွယ့်။

ကြီးကြီးမြ ။ ဟုတ်တယ် ကိုစိုး။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး သူတို့ အကြောင်းပြ စွပ်စွဲထားတာတွေအားလုံး တစ်ခုမှ မှန်တာ မပါဘူး။ သတင်းစာနဲ့ ရုပ်မြင်သံကြားမှာ အချက်အလက် အထောက်အထားတွေနဲ့တကွ နှိုင်းယှဉ် ချိန်ထိုးကြည့်နိုင်ဖို့ ထုတ်လွှင့်ဖော်ပြတာကို ဖတ်ရ၊ ကြားရတော့မှ သူတို့ရဲ့စွပ်စွဲချက်တွေဟာ အမှန်တရားနဲ့ ဘယ်လောက် ကင်းကွာနေတယ်ဆိုတာ တွေ့ရတယ်။

ဘကြီးစိုး ။ ဒါဟာ ဆိုရေးရှိက ဆိုအပ်စွဆိုတဲ့အတိုင်း ကြောင်းကျိုးဆက်စပ်ပြီး အမှန်တရားကို ပြန်ကြားပေးတာမို့ နိုင်ငံတကာကရော ဒို့ပြည်သူတွေပါ အပ်ကျမပ်ကျ ပိုပြီး သိလာရလို့ အကျိုးရှိပါတယ်ကွယ်။

စိုးမြကျော် ။ မှန်ပါတယ်ဘကြီး။ အခုကျွန်တော်လာတဲ့ အကြောင်းရင်းကလဲ အမေရိကန်နဲ့ဗြိတိန်တို့က မမှန်ကန်တဲ့ အကြောင်းပြစွပ်စွဲချက်တွေနဲ့ သိုင်းဝိုင်းပြီး တင်သွင်းတဲ့ဆုံးဖြတ်ချက်မူကြမ်းထဲမှာ အသားလိုလို့ အရိုးတောင်းထားတဲ့ အဓိကတောင်းဆိုချက်နဲ့ ပတ်သက်လို့ပါပဲ။

ကြီးကြီးမြ ။ ကြီးကြီးသိပြီ မောင်ကျော်ရေ။ ၁၉၉၅ ခုနှစ်ကတည်းက တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ဘယ်ဟာရွေးမလဲဆိုတဲ့ အမေရိကန်ပါးစပ် အငှားတပ်ပြီး ခြိမ်းခြောက်ပြောကြားခဲ့တဲ့ ဒေါ်စုကြည်ရဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာပဲ မဟုတ်လား။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ကြီးကြီး။ **အမေရိကန်နဲ့ ဗြိတိန်တို့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ ရေးထားတဲ့အတိုင်း ပြောရမယ်ဆိုရင် "မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီပြောင်းလဲဖြစ်ပေါ်စေရေးအတွက် နိုင်ငံခေါင်းဆောင်များ၊ လူနည်းစုတိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူအားလုံးပါဝင်သည့် နိုင်ငံရေးအလေးအနက် စေ့စပ်ဆွေးနွေးမှု တစ်ရပ်ကို နှောင့်နှေးခြင်းမရှိဘဲ စတင်ပြုလုပ်ရန် မြန်မာနိုင်ငံအစိုးရအား တောင်းဆိုကြောင်း"လို့ ဆိုထားတာ တွေ့ရပါတယ်။**

ဘကြီးစိုး ။ မင်းကြီးကြီးပြောသလို **၁၉၉၅ခုနှစ်အတိုင်း တွေ့ဆုံ ဆွေးနွေးရေး တောင်းဆိုနေတာပါပဲ။ ဒီနေရာမှာ တွေ့ဆုံဆွေးနွေးရေးနဲ့တွဲပြီး ဒေါ်စုကြည် ၁၉၉၅ခုနှစ်ကတည်းက ပြောခဲ့တဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတာကို ပြည်သူလူထုက နားခါးနေတာကြောင့် အလုံးစုံ ပျက်သုဉ်းရေးဆိုတဲ့ နေရာမှာ လုံခြုံရေးကောင်စီမှ အရေးယူ ဒဏ်ခတ်ရေးဆိုတဲ့ သံတူကြောင်းကွဲ စကားလုံးကို တစ်ဖက်လှည့်နဲ့ သုံးလိုက်တာပါ။**

စိုးမြကျော် ။ ကျွန်တော် သဘောပေါက်ပြီ ဘကြီး။ **၁၉၉၅ခုနှစ်မှာ အမေရိကန်က သူ့ပါးစပ်ကို ဒေါ်စုကြည်မှာတပ်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ခြိမ်းခြောက်ခဲ့တယ်။ အခု ၂၀၀၇ခုနှစ်မှာ အမေရိကန်က သူ့ပါးစပ်ကို လုံခြုံရေးကောင်စီမှာတပ်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အရေးယူဒဏ်ခတ်ရေး ကြိုက်ရာရွေးလို့ ရာဇသံပေးဖို့ လုပ်လိုက်တာပဲမဟုတ်လား** ဘကြီး။

ကြီးကြီးမြ ။ မှန်လိုက်လေကွယ်။ အမေရိကန်၊ ဒေါ်စုကြည်၊ NLD နဲ့ အပေါင်းပါတွေရဲ့ ဖုံးကွယ်လှည့်စားထားတဲ့ အဲဒီ နိုင်ငံရေး နည်းပရိယာယ်တွေကို တို့တစ်တွေအားလုံး တိမ်သလာမဖုံးဘဲ ခွဲခြမ်းစိတ်ဖြာလေ့လာနိုင်မှ တန်ကာကျလိမ့်မယ်ကွယ့်။

စိုးမြကျော် ။ ဒါကြောင့်မို့ သူတို့ ကျားကုတ်ကျားခဲ သဲကြီးမဲကြီး တောင်းဆိုနေတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာနဲ့ပတ်သက်ပြီး နိုင်ငံတော်အစိုးရဘက်က တာဝန်သိသိ အမျိုးသားရေးသစ္စာရှိရှိနဲ့ ဘယ်လိုကြိုးပမ်း ဖော်ဆောင်ပေးခဲ့တယ်ဆိုတာကို ပြည်တွင်းကရော ပြည်ပကပါ ဂဃနဏ ပိုမိုသိရှိရအောင် ဘကြီးတို့၊ ကြီးကြီးတို့ ဖြတ်သန်းလာခဲ့ရတဲ့ အတွေ့အကြုံသာဓကတွေနဲ့ ဆွေးနွေးပေးစေလိုပါတယ်။

ဘကြီးစိုး ။ တပ်မတော်ဟာ ၁၉၈၈ ခုနှစ် နိုင်ငံ့တာဝန်ယူချိန်မှစပြီး ဒို့မြန်မာနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်နေခဲ့ရခြင်း အကြောင်းရင်းတွေကို လေ့လာသုံးသပ်ခဲ့တယ်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ တစ်နည်းအားဖြင့် အမျိုးသားပြန်လည် သင့်မြတ်မှုဆိုတဲ့ အုတ်မြစ်ခိုင်ခိုင်မာမာ ချပြီး ဆောင်ရွက်မှသာ နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်အောင် တစ်ဆင့်တည်ဆောက်နိုင်မယ်ဆိုတာ တွေ့ရှိခဲ့တယ်။

ကြီးကြီးမြ ။ ဒါကြောင့်မို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ်ချမှတ်ပြီး မြေပေါ်မြေအောက်နိုင်ငံရေး အင်အားစုတွေအပါအဝင် တစ်မျိုးသားလုံး မမိုတ်မသုန် ပါဝင်ပူးပေါင်းကျင့်သုံးနိုင်ဖို့ စည်းရုံးတိုက်တွန်းခဲ့တယ်၊ လက်တွဲ ခေါ်ဆောင်ခဲ့တယ်ကွယ့်။

ဘကြီးစိုး ။ လက်ငင်း လက်တွေ့ ဖော်ဆောင် ကျင့်သုံးတဲ့အနေနဲ့ တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားနေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်အောင် ၁၉၈၉ခုနှစ်မှစပြီး တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုတွေ မရပ်မနားပြုလုပ်ခဲ့တယ်။

စိုးမြကျော် ။ ဟုတ်ပါတယ်ဘကြီး။ အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးပွဲတွေအနက် ပထမဆုံးရရှိတဲ့ ငြိမ်းချမ်းရေး အောင်ပွဲ ကတော့ ၃၁-၃-၁၉၈၉ ရက်နေ့မှာ ကိုးကန့် တိုင်းရင်းသားတွေ ဗကပအဖွဲ့မှ ခွဲထွက်ပြီး မြန်မာလူမျိုးစုများ ဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစုအမည်နဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တာပါပဲ။

ကြီးကြီးမြ ။ နောက်တစ်လခန့်အတွင်း ၉-၅-၁၉၈၉ ရက်နေ့မှာပဲ 'ဝ' တိုင်းရင်းသားတွေကလည်း ဗကပမှ ခွဲထွက်ပြီး မြန်မာပြည် အမျိုးသားသွေးစည်း... ဥပဒေဘောင်အတွင်း ဝင်ရော...

ဘကြီးစိုး ။ အကျဉ်းရုံးပြီး ပြောရရင်တော့ ... ရှမ်းနဲ့ အခါတိုင်းရင်းသားတွေ... (အရှေ့ပိုင်း) မိုင်းလားဒေသမှ... နဲ့ ၁၅-၁၂-၁၉၈၉ ရက်နေ့မှာ... တိုင်းရင်းသားတွေပါဝင်တဲ့ က... ခြမ်းမှ ဗကပအမှတ်(၁၀၁)... နောက်ဆင့်ဆိုသလိုပဲ ဥပဒေ... လာခဲ့ကြတယ်။

စိုးမြကျော် ။ ဒါဆို တစ်နှစ်အတွင်းမှာပဲ ... တိုင်းရင်းသား လက်နက်ကိုင်အ... ငြိမ်းချမ်းရေး ရယူခဲ့ကြတာပေ...

ဘကြီးစိုး ။ မှန်ပါတယ်။ အဲဒီလို ငြိမ်း... အကျိုးတရားမှာ အခြေခံအ... ကြောင်း ဘကြီးတို့ ဖော်ထုတ်...

စိုးမြကျော် ။ အားလုံးအတွက် နမူနာယူစရာ...

ဘကြီးစိုး ။ ပထမ အခြေခံအကြောင်းတ... ပြန်လည်သင့်မြတ်ရေးဆိုတဲ့ အ... အပေါ်မှာ နှစ်ဦးနှစ်ဖက်စလုံးရဲ့... နေကြလို့ပဲကွယ့်။

စိုးမြကျော် ။ နောက်အခြေခံ အကြောင်းတ... ဘကြီး။

ဘကြီးစိုး ။ ဒုတိယ အကြောင်းရင်းက ... စွက်ဖက်မှု ကင်းရှင်းခဲ့လို့ပဲ ဖြစ်... ရင်းက ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ပါ... မူဝါဒအပေါ် အခြေခံပြီး တွေ့... တယ်။

ကြီးကြီးမြ ။ ၁၉၈၈ ခုနှစ်မတိုင်မီက ဗကပ... အကြိမ်ကြိမ် လုပ်ခဲ့ဖူးတာကို ... နေမိတယ်။ ဗကပနိုင်ငံရေးသ... မှုကို ခုတုံးလုပ် အမြတ်ထုတ... နိုင်ငံနဲ့ လူမျိုးအတွက် အကျိုး... ထွက်ပေါ်မလာခဲ့ဘူး။

စိုးမြကျော် ။ အခု တပ်မတော်အစိုးရနဲ့ တို... အဖွဲ့အစည်းတွေရဲ့ တွေ့ဆုံဆွေ... ပြဿနာကို အမျိုးသားရေးအ... ကြတာမို့ ငြိမ်းချမ်းရေးအောင်...

ဘကြီးစိုး ။ အမှန်ဆုံးပေါ့ကွယ်။ တကယ်... အစည်းတွေနဲ့ တိုက်ရိုက် ... ဗကပဗဟိုက နိုင်ငံရေးသမား... မယ်ဆိုရင် ဒို့နိုင်ငံဟာ ဟိုအ... ပဋိပက္ခ ဝဲဩဃအတွင်း ဒုံရင်း... အမှန်ပဲ။

ကြီးကြီးမြ ။ အဲဒီတွေ့ဆုံဆွေးနွေးပွဲရဲ့ အကျ... သားပြည်သူတွေ ငြိမ်းချမ်းခြင်းရဲ့... အသီးအပွင့်တွေကို ရရှိခံစားနေ... ကြည်နူးချမ်းမြေ့ဖို့ ကောင်းလို...

စိုးမြကျော် ။ တပ်မတော်အစိုးရရဲ့ စိတ်ရင်... တွေ့ဆုံဆွေးနွေးမှုတွေကြောင့်... လက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့... ဥပဒေဘောင်အတွင်း ဝင်ရော... ဆောက်ခဲ့ကြတာကို ဝမ်းမြောက်... တချို့အဖွဲ့တွေဆိုရင် လက်နက်... လဲလှယ်ခဲ့ကြတဲ့အထိ အကျိုး... နေပါတယ်။

ဘကြီးစိုး ။ ဒါပေါ့ကွယ်။ စေတနာမှန်သော... အညီ မှန်ကန်သောကြိုးပမ်းအာ... တွေကို ဒို့တိုင်းရင်းသားပြည်သ... ခံစားကြရမှာ မလွဲကေန်ပါပဲ။

စိုးမြကျော် ။ ဒါနဲ့ ဘကြီး၊ အဲဒီလို လက်နက်... ပြီး ငြိမ်းချမ်းရေးရရှိအောင် ... ကြိုးပမ်းဖော်ဆောင်ခဲ့သလို နိုင်ငံ... လည်း အစိုးရဘက်က ကြိုးပမ်... ဘူးလား။

ဘကြီးစိုး ။ လုပ်ခဲ့ပါသော်ကောကွယ်၊ ဘ... မြေပေါ် နိုင်ငံရေးအင်အားစုဖြ... နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံ... အထပ်ထပ် မရပ်မနားလုပ်ခဲ့... သမိုင်းက မှတ်တမ်းတင်နေပါ...

❒ ၁၉၈၉ခုနှစ်ကစပြီး ဒေါ်စုကြည်နဲ့ NLD ဟာ တပ်မတော်အစိုးရကို ရန်သူလို သဘောထားပြီး အမိန့် ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး သဘောထားတွေ ရေးသားပြောကြားပြီး နိုင်ငံရေးလှုပ်ရှားမှုတွေ လုပ်ခဲ့ကြတယ်။

❒ သူတို့နဲ့ နိုင်ငံရေးလှုပ်ရှားမှုဆိုတာက အစကတည်းက ယဉ်သကိုဖြစ်နေတာပါ ပဲလား။

❒ ဒေါ်စုကြည်နဲ့ NLD ဟာ သူတို့ရဲ့ပါတီကို ကျစ်လျစ်ခိုင်မာအောင် ဖွဲ့စည်းပြီး စည်းရုံးတည်ဆောက်ရမယ့်အစား လျှပ်ပေါ်လော်လည်တဲ့ ပေါ်ပင် နိုင်ငံရေးစကားတွေပြောကြားပြီး ၈၈ အရေး အခင်း လို ဆူပူအကြမ်းဖက်မှုတွေ ထပ်မံဖြစ်ပွားအောင် နေ့စဉ်နဲ့အမျှ သွေးထိုးလှုံ့ဆော်ခဲ့ကြတယ်။

...ဆွေးနွေးရေးဟု ... ဆိုကာ (၁)

စိုးမြကျော်

မြန်မာပြည် အမျိုးသားသွေးစည်းညီညွတ်ရေးပါတီအမည်နဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့တယ်လေ။

ဘကြီးစိုး ။ အကျဉ်းချုံးပြီး ပြောရရင်တော့ ၃၁-၆-၁၉၈၉ ရက်နေ့မှာ ရှမ်းနဲ့ အခါတိုင်းရင်းသားတွေ ပါဝင်တဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းလားဒေသမှ ဗကပ တပ်မဟာ (၈၁၅) နဲ့ ၁၅-၁၂-၁၉၈၉ ရက်နေ့မှာ လောင်ဝေါ်နဲ့ လာချိတ် တိုင်းရင်းသားတွေပါဝင်တဲ့ ကချင်ပြည်နယ် မေခအရှေ့ ခြမ်းမှ ဗကပအမှတ်(၁၀၁) စစ်ဒေသတို့ ရှေ့ဆင့် နောက်ဆင့်ဆိုသလိုပဲ ဥပဒေဘောင်အတွင်း ဝင်ရောက် လာခဲ့ကြတယ်။

စိုးမြကျော် ။ ဒါဆို တစ်နှစ်အတွင်းမှာပဲ ဗကပ လက်အောက်ကနေ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေ အားလုံးခွဲထွက်ပြီး ငြိမ်းချမ်းရေး ရယူခဲ့ကြတာပေါ့နော်။

ဘကြီးစိုး ။ မှန်ပါတယ်။ အဲဒီလို ငြိမ်းချမ်းရေးအောင်ပွဲ ရရှိခဲ့တဲ့ အကျိုးတရားမှာ အခြေခံအကြောင်းတရားသုံးခု ရှိနေကြောင်း ဘကြီးတို့ ဖော်ထုတ် ရရှိခဲ့ကြပါတယ်။

စိုးမြကျော် ။ အားလုံးအတွက် နမူနာယူစရာမို့ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ပထမ အခြေခံအကြောင်းတရားကတော့ အမျိုးသား ပြန်လည်သင့်မြတ်ရေးဆိုတဲ့ အမျိုးသားရေး အကျိုးစီးပွား အပေါ်မှာ နှစ်ဦးနှစ်ဖက်စလုံးရဲ့ ရပ်တည်ချက်ချင်း တူညီနေကြလို့ပဲကွယ့်။

စိုးမြကျော် ။ နောက်အခြေခံ အကြောင်းတရားနှစ်ခုက ဘာတွေများလဲ ဘကြီး။

ဘကြီးစိုး ။ ဒုတိယ အကြောင်းရင်းက ပြည်ပပယောဂနဲ့ ပြည်ပ စွက်ဖက်မှု ကင်းရှင်းခဲ့လို့ပဲ ဖြစ်တယ်။ တတိယအကြောင်း ရင်းက ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ပါတီစွဲမပါဘဲ အမျိုးသားရေး မူဝါဒအပေါ် အခြေခံပြီး တွေ့ဆုံဆွေးနွေးခဲ့ကြလို့ပဲ ဖြစ်တယ်။

ကြီးကြီးမြ ။ ၁၉၈၈ ခုနှစ်မတိုင်မီက ဗကပနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ အကြိမ်ကြိမ် လုပ်ခဲ့ဖူးတာကို ကြီးကြီး ပြန်ပြီး အမှတ်ရနေမိတယ်။ ဗကပနိုင်ငံရေးသမားတွေက တွေ့ဆုံဆွေးနွေးမှုကို ခုတုံးလုပ် အမြတ်ထုတ်ဖို့ပဲ အသုံးချခဲ့ကြတာမို့ နိုင်ငံနဲ့ လူမျိုးအတွက် အကျိုးရလဒ်ကောင်း ဘာတစ်ခုမှ ထွက်ပေါ်မလာခဲ့ဘူး။

စိုးမြကျော် ။ အခု တပ်မတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ တွေ့ဆုံဆွေးနွေးမှုက ပြည်တွင်းရေး ပြဿနာကို အမျိုးသားရေးအခြေခံနဲ့ ညှိနှိုင်းဖြေရှင်းခဲ့ ကြတာမို့ ငြိမ်းချမ်းရေးအောင်ပွဲ ရရှိခဲ့တာပဲနော် ဘကြီး။

ဘကြီးစိုး ။ အမှန်ဆုံးပေါ့ကွယ်။ တကယ်လို့သာ တိုင်းရင်းသား အဖွဲ့ အစည်းတွေနဲ့ တိုက်ရိုက် တွေ့ဆုံဆွေးနွေးမှု မပြုဘဲ ဗကပဗဟိုက နိုင်ငံရေးသမားတွေနဲ့သာ တွေ့ဆုံဆွေးနွေးခဲ့ မယ်ဆိုရင် ဒီနိုင်ငံဟာ ဟိုအရင်ကလိုပဲ လက်နက်ကိုင် ပဋိပက္ခ ဝဲဩဃအတွင်း ဒုံရင်းဒုံရင်းနဲ့ သက်ဆင်းနေရမှာ အမှန်ပဲ။

ကြီးကြီးမြ ။ အဲဒီတွေ့ဆုံဆွေးနွေးပွဲရဲ့ အကျိုးဆက်အဖြစ် ဒို့တိုင်းရင်း သားပြည်သူတွေ ငြိမ်းချမ်းခြင်းရဲ့ အရသာနဲ့ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်တွေကို ရရှိခံစားနေနိုင်ကြတာ ဘယ်လောက် ကြည်နူးချမ်းမြေ့ဖို့ ကောင်းလိုက်သလဲ။

စိုးမြကျော် ။ တပ်မတော်အစိုးရရဲ့ စိတ်ရင်းစေတနာမှန်နဲ့ ဖြူစင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေကြောင့် အခုဆိုရင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်အများအပြား ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းရေးတည် ဆောက်ခဲ့ကြတာကို ဝမ်းမြောက်ဖွယ်တွေ့ရှိနေရပါတယ်။ တချို့အဖွဲ့တွေဆိုရင် လက်နက်နဲ့ငြိမ်းချမ်းရေး အပြီးအပိုင် လဲလှယ်ခဲ့ကြတဲ့အထိ အကျိုးဆက်ကောင်းတွေ ဖြစ်ပေါ် နေပါတယ်။

ဘကြီးစိုး ။ ဒါပေါ့ကွယ်။ စေတနာမှန်သော ကံတရားဆိုတဲ့ စကားနဲ့ အညီ မှန်ကန်သောကြိုးပမ်းအားထုတ်မှုရဲ့ ရလဒ်ကောင်း တွေကို ဒို့တိုင်းရင်းသားပြည်သူတွေ တစ်နေ့တခြား ရရှိ ခံစားကြရမှာ မလွဲဧကန်ပါပဲ။

စိုးမြကျော် ။ ဒါနဲ့ ဘကြီး၊ အဲဒီလို လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်း ပြီး ငြိမ်းချမ်းရေးရရှိအောင် တွေ့ဆုံ ဆွေးနွေးမှုတွေနဲ့ ကြိုးပမ်းဖော်ဆောင်ခဲ့သလို နိုင်ငံရေးပဋိပက္ခ ချုပ်ငြိမ်းအောင် လည်း အစိုးရဘက်က ကြိုးပမ်းအားထုတ်မှုတွေ မလုပ်ခဲ့ ဘူးလား။

ဘကြီးစိုး ။ လုပ်ခဲ့ပါသော်ကောကွယ်၊ ဘယ်မှာမလုပ်ဘဲ နေမှာလဲ။ မြေပေါ် နိုင်ငံရေးအင်အားစုဖြစ်တဲ့ နိုင်ငံရေးပါတီတွေ၊ နိုင်ငံရေးသမားတွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ အကြိမ်ကြိမ် အထပ်ထပ် မရပ်မနားလုပ်ခဲ့ကြောင်း မျက်မှောက်ခေတ် သမိုင်းက မှတ်တမ်းတင်နေပါတယ်။

စိုးမြကျော် ။ ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ တပ်မတော်က ၁၉၈၈ ခုနှစ်မှာ ပြည်ထောင်စုကြီး ပြိုကွဲ ပျက်စီးမယ့်အရေးကို လက်ပိုက်ကြည့်မနေနိုင်တာမို့ မလွှဲ မရှောင်သာဘဲ နိုင်ငံတာဝန်အရပ်ရပ်ကို ယူခဲ့ရတယ်။ အဲဒီအချိန်ကစပြီး နိုင်ငံရေးသမားဆိုသူ အချို့နဲ့ ပြည်ပြေး တွေက တပ်မတော်ကို ရန်သူလိုသဘောထားပြီး ဆန့်ကျင် ထိုးနှက်မှုတွေ လုပ်လာခဲ့ကြတယ်။

ရင်ဆိုင်ဆန့်ကျင်ရေး၊ ပြည်ပအားကိုးရေး သဘောထားတွေ ရေးသားပြောကြားပြီး နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်ခဲ့ကြတယ်။

စိုးမြကျော် ။ **သူတို့နဲ့ နိုင်ငံရေးလှုပ်ရှားမှုဆိုတာက အစကတည်းက ယဉ်သကို ဖြစ်နေတာပါပဲလား။**

ဘကြီးစိုး ။ **ဒေါ်စုကြည်နဲ့ NLD ဟာ သူတို့ရဲ့ပါတီကို ကျစ်လျစ်ခိုင်မာအောင် ဖွဲ့စည်းပြီး စည်းရုံး တည်ဆောက်ရမယ့်အစား လျှပ်ပေါ်လော်လည်တဲ့ ပေါ်ပင်နိုင်ငံရေးစကားတွေ ပြောကြားပြီး ၈၈ အရေးအခင်းလို ဆူပူအကြမ်းဖက်မှုတွေ ထပ်မံဖြစ်ပွားအောင် နေ့စဉ်နဲ့အမျှ သွေးထိုး လှုံ့ဆော်ခဲ့ကြတယ်။**

စိုးမြကျော် ။ ကျွန်တော်မှတ်မိပြီ ဘကြီး။ ၁၉-၇-၁၉၈၉ ရက်နေ့မှာ ကျရောက်တဲ့ (၄၂)မြောက် အာဇာနည် နေ့ကို အကြောင်းပြုပြီး အပြစ်မဲ့သူတွေကို ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုထဲ ဆွဲသွင်းဖို့ တစ်ဇွတ်ထိုး လုပ်ဆောင်ခဲ့တဲ့အကြောင်း သတင်းမှတ်တမ်းတွေ ဖတ်ရှုခဲ့ရတယ်။

ဘကြီးစိုး ။ အဲဒါကြောင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သော ဥပဒေပုဒ်မ(၁၀)အရ ဒေါ်စုကြည်ကို နေအိမ်မှာ ကန့်သတ်တားဆီးခဲ့ ရတယ်။

ကြီးကြီးမြ ။ အဲဒီမတိုင်ခင်က ဒေါ်စုကြည်ခြံဝင်းထဲမှာ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ဝင်တွေ နေထိုင် ခွင့်ပေးခဲ့တာ NLD ပါတီဝင်အချို့ကိုယ်တိုင် သန်လျင်ရေနံချက်စက်ရုံမှာ ဗုံးဖောက်ခွဲခဲ့တာ တွေကို တရားခံတွေ၊ သက်သေအထောက်အထားတွေနဲ့တကွ ဖမ်းဆီးရမိခဲ့ပေမယ့် ဒေါ်စုကြည်ကို အရေးမယူဘဲ ပြန်လည်သုံးသပ်ဆင်ခြင်နိုင်အောင် အသိပေးပြောကြားမှုတွေ ပြုလုပ်ခဲ့တယ်။ ခုတစ်ကြိမ်မှာတော့ တစ်ဆင့်ပြီးတစ်ဆင့် တက်ပြီး ပြည်သူလူထုကို စတေးမယ့် လုပ်ရပ်တွေ ကျူးလွန်လာတာမို့ မလွှဲသာမရှောင်သာတော့ဘဲ အရေးယူခဲ့ရတာဖြစ်တယ်။

❒ **အမေရိကန်နဲ့ ဗြိတိန်တို့ ဆုံးဖြတ်ချက်မူကြမ်းထဲမှာ ရေးထားတဲ့အတိုင်း ပြောရမယ်ဆိုရင် “မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီပြောင်းလဲ ဖြစ်ပေါ်စေရေးအတွက် နိုင်ငံခေါင်းဆောင်များ၊ လူနည်းစု တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူအားလုံးပါဝင်သည့် နိုင်ငံရေးအလေးအနက် စေ့စပ်ဆွေးနွေးမှုတစ်ရပ်ကို နှောင့်နှေးခြင်းမရှိဘဲ စတင်ပြုလုပ်ရန် မြန်မာနိုင်ငံအစိုးရအား တောင်းဆိုကြောင်း” လို့ ဆိုထားတာ တွေ့ရပါတယ်။**

❒ **၁၉၉၅ခုနှစ်အတိုင်း တွေ့ဆုံဆွေးနွေးရေး တောင်းဆိုနေတာပါပဲ။ ဒီနေရာမှာ တွေ့ဆုံဆွေးနွေး ရေးနဲ့တွဲပြီး ဒေါ်စုကြည် ၁၉၉၅ခုနှစ်ကတည်းက ပြောခဲ့တဲ့ အလုံးစုံပျက်သုဉ်းရေးဆိုတာကို ပြည်သူလူထုက နားခါးနေတာကြောင့် အလုံးစုံပျက်သုဉ်းရေးဆိုတဲ့ နေရာမှာ လုံခြုံရေးကောင်စီမှ အရေးယူ ဒဏ်ခတ်ရေးဆိုတဲ့ သံတူကြောင်းကွဲ စကားလုံးကို တစ်ဖက်လှည့်နဲ့ သုံးလိုက်တာပါ။**

❒ **၁၉၉၅ခုနှစ်မှာ အမေရိကန်က သူ့ပါးစပ်ကို ဒေါ်စုကြည်မှာတပ်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အလုံးစုံ ပျက်သုဉ်းရေး ကြိုက်ရာရွေးလို့ ခြိမ်းခြောက်ခဲ့တယ်။ အခု ၂၀၀၇ခုနှစ်မှာ အမေရိကန်က သူ့ပါးစပ်ကို လုံခြုံရေးကောင်စီမှာတပ်ပြီး တွေ့ဆုံဆွေးနွေးရေးနဲ့ အရေးယူဒဏ်ခတ်ရေး ကြိုက်ရာရွေးလို့ ရာဇသံ ပေးဖို့ လုပ်လိုက်တာပဲ မဟုတ်လား။**

စိုးမြကျော် ။ ဘယ်လိုဖြစ်သွားကြတာလဲ ဘကြီးရယ်။ တပ်မတော်နဲ့ နှစ်ပေါင်း ၄၀ တိုင်တိုင် ရင်ဆိုင် တိုက်ခိုက်လာခဲ့တဲ့ တောတွင်းလက်နက်ကိုင်အဖွဲ့တွေက အမျိုးသားရေးနဲ့ ကြုံကြိုက်လာခိုက်မှာ တပ်မတော်ကို မိတ်ဆွေလို သဘော ထားပြီး မဟာမိတ်လို ပူးပေါင်း လက်တွဲခဲ့ကြတယ် မဟုတ်လား။ ဘာဖြစ်လို့ အဲဒီ နိုင်ငံရေးသမားဆိုသူတွေက တပ်မတော်ကို မိတ်ဆွေလို၊ လုပ်ဖော်ကိုင်ဖက်လို သဘော မထားနိုင်ရတာလဲ ဘကြီး။

ဘကြီးစိုး ။ အဓိကအချက်ကတော့ အာဏာကိုဖြတ်လမ်းက ယူလိုတဲ့ ဇောနဲ့ ပြည်ပအားကိုးမှု လွန်ကဲသွားလို့ပဲ။ အဲဒီလို အရှိန် လွန်သွားတာနဲ့အမျှ နယ်ချဲ့လက်သစ်ရဲ့ ထောင်ချောက် ထဲမှ ရုပ်သေးရုပ်လို ကြိုးဆွဲရာ လိုက်ပါကပြ အသုံးတော် ခံနေရလို့ပဲ ဖြစ်တယ်။

ကြီးကြီးမြ ။ ကြီးကြီး မှတ်မိနေသေးတယ်။ **၁၉၈၉ခုနှစ်က စပြီး ဒေါ်စုကြည်နဲ့ NLD ဟာ တပ်မတော်အစိုးရကို ရန်သူလို သဘောထားပြီး အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်**

ဘကြီးစိုး ။ ဒေါ်စုကြည်ရဲ့အဲ့ဒီလို ဥပဒေမဲ့လုပ်ရပ်တွေနဲ့ပတ်သက်လို့ NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကိုယ်တိုင်က ပြန်လည်သုံးသပ်ပြီး ပါတီအတွင်း ပြုပြင်ဖွဲ့စည်းမှုတွေ လုပ်ခဲ့တာကိုလဲ တွေ့ရတယ်။

စိုးမြကျော် ။ ဟုတ်လား ဘကြီး၊ ကျွန်တော် အမှုမဲ့အမှတ်မဲ့ဖြစ်သွားလို့ အဲဒီဖြစ်စဉ်ကို ရှင်းပြပေးပါဦး။

ဘကြီးစိုး ။ ၂၆-၃-၁၉၉၀ ရက်နေ့မှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့က သူတို့ပါတီရဲ့ အထွေထွေ အတွင်းရေးမှူး ဒေါ်စုကြည်ဟာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၃(ဃ)နဲ့ ငြိစွန်းမှုတွေရှိနေလို့ ဒေါ်စုကြည်ကို ပါတီဝင်အဖြစ်မှ ထုတ်ပယ်လိုက်ကြောင်းနှင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးလွင်တို့နဲ့ ပြန်လည် ဖွဲ့စည်းကြောင်း တရားဝင် ကြေညာဆောင်ရွက်ခဲ့တယ်။

စိုးမြကျော် ။ ဟာ-ဒါဆိုရင် ဒေါ်စုကြည်ဟာ ၂၆-၃-၁၉၉၁ ရက်နေ့က စပြီး NLD ပါတီဝင်မဟုတ်တော့ သလို NLD အထွေထွေအတွင်းရေးမှူးလဲ မဟုတ်တော့ဘူးပေါ့နော်။ ဥပဒေပုဒ်မ ၃(ဃ)နဲ့ ငြိစွန်းတယ်ဆိုတာ ဘာကိုဆိုလိုတာလဲ ဘကြီး။

ဘကြီးစိုး ။ အဲဒီတုန်းက NLD ပါတီအတွင်းမှာ ကန့်သတ်အဆင့်နဲ့ ရှင်းလင်းတဲ့စာတွေ ထုတ်ပြန်ခဲ့တာ မှတ်မိနေတယ်။ ဒေါ်စုကြည်ဟာ သောင်းကျန်းသူတွေနဲ့ ဆက်သွယ်မှုရှိနေတာကြောင့် အခုလို ပါတီမှ ထုတ်ပယ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းဖော်ပြထားတယ်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

စာမျက်နှာ ၉ မှ

စိုးမြကျော် ။ ဒါဆို တစ်ချိန်တစ်ခါတုန်းက ဒေါ်စုကြည်နဲ့ NLD တို့ တစ်သီးတခြား စည်းခြားပြီးနေခဲ့ကြတာပဲပေါ့နော် ဘကြီး။ အဲဒီလို ဒေါ်စုကြည်က သပ်သပ်၊ NLD က သပ်သပ် ဖြစ်သွားတဲ့အခြေအနေမှာ မြန်မာနိုင်ငံရေးခရီးရဲ့ ဖြစ်ပေါ်ပြောင်းလဲ တိုးတက်မှုတွေရှိခဲ့ရင် ရှင်းပြပေးပါဦး ဘကြီး။

ဘကြီးစိုး ။ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်သွားတဲ့ NLD ဗဟိုအလုပ်အမှုဆောင် ကော်မတီဟာ မြန်မာ့နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုတွေမှာ သူတို့ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့သူတို့ ကာလတစ်ခုအထိ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ခဲ့တယ်လို့ ဆိုရမှာဖြစ်တယ်။

စိုးမြကျော် ။ ဒါဟာ နိုင်ငံနဲ့ပြည်သူတွေအတွက် အားတက်ဝမ်းမြောက်ဖွယ်ကောင်းတဲ့ နိုင်ငံရေးအခင်းအကျင်းပဲနော် ဘကြီး။

ကြီးကြီးမြ ။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက အခြားတစ်ဖက်မှာ ဒေါ်စုကြည်နဲ့ အမေရိကန်အစိုးရ အဆက်မပြတ်၊ အဆက်မဖြတ်ဘဲ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဆက်သွယ်ကြံစည်မှုတွေ ရှိနေခဲ့တာပါပဲ။

စိုးမြကျော် ။ ဟာ–ကြီးကြီးကလဲ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ ဒေါ်စုကြည်ကို နေအိမ်မှာ တားဆီးမိန့်နဲ့ တားမြစ်ကန့်သတ်ထားတယ် မဟုတ်လား၊ သူကဘယ်လိုလုပ်ပြီး အမေရိကန်နဲ့ အဆက်အသွယ်ရနိုင်မှာလဲ။

ကြီးကြီးမြ ။ မောင်ကျော်လိုပဲ ဒို့တစ်တွေအားလုံးက သဘောဖြူ အူစင်းပြီး ရိုးရိုးတွေး ရိုးရိုးလုပ်နေကြတာကွယ့်၊ ဥပုသ်စောင့်တဲ့ ကျား မရှိဘူးဆိုတဲ့စကားလိုပဲ မြန်မာနိုင်ငံကို အမဲဖျက်ဖို့ ကျားချောင်းချောင်းနေတဲ့ ကိုလိုနီနယ်ချဲ့လက်သစ်ကတော့ ဉာဏ်နီဉာဏ်နက်တွေ အမျိုးမျိုးသုံးပြီး အခွင့်အရေးရသမျှ အသုံးချခဲ့လို့ ဒီနေ့လိုအခြေအနေအထိ ရောက်ခဲ့ရတာပဲ ကွယ့်။

စိုးမြကျော် ။ အဲဒီအကြောင်းကို ရှင်းပြပါဦး ကြီးကြီး။

ဘကြီးစိုး ။ ကဲ–ဘကြီးပဲ ရှင်းပြပါ့မယ်ကွယ်။ တော်ကြာ မင်းကြီးကြီး မခံချင်စိတ်တွေများပြီး သွေးတက်သွားပါဦးမယ်။

ကြီးကြီးမြ ။ ဟုတ်တယ်ကိုစိုး။ မြကတော့ အဲဒီအကြောင်းကို ပြန်တွေးမိတိုင်း အချုပ်တန်းဆရာဖေလိုပဲ "တွေးမိတိုင်း အရိုးနာသည်၊ အမျိုးပါ ဆဲချင်ပေါ့လေး"ဆိုသလို ဒေါသထွက်မိတာအမှန်ပဲ။

စိုးမြကျော် ။ ဒါဆို ကျွန်တော်တို့လဲ ဒေါသထွက်သင့်ရင် ထွက်ရအောင် ဘကြီးကပဲ ရှင်းပြပေးပါဦး။

ဘကြီးစိုး ။ ဒေါသထွက်သင့်လို့ ထွက်ကြတာကို ဘကြီးမတားလိုပါဘူး။ ဒါပေမယ့် အဲဒီဖြစ်ရပ်တွေကနေ နိုင်ငံနဲ့လူမျိုး အနာဂတ်အကျိုးစီးပွားအတွက် သင်ခန်းစာထုတ်ယူပြီး ပြုပြင်နိုင်ကြဖို့က အဓိကကျပါတယ်။

ကြီးကြီးမြ ။ ကဲ–ကိုးစိုးပဲ လိပ်ပတ်လည်အောင် ရှင်းပြပေးလိုက်ပါတော့။

ဘကြီးစိုး ။ ဒီလိုကွယ့်။ ဒို့တပ်မတော်အစိုးရဟာ ဒေါ်စုကြည် အပေါ် မလွှဲမရှောင်သာလို့ နေအိမ်မှာ ကန့်သတ်ထားခဲ့ရပေမယ့် လုံးဝအာဃာတမထားခဲ့ပါဘူး။ လူ့သဘာဝအရ ပတ်ဝန်းကျင်ရဲ့ အရိပ်ထိုးအရောင်ဆိုးမှုတွေကြောင့် ပြောမှားဆိုမှား၊ လုပ်မှားကိုင်မှားတွေ ရှိခဲ့ပေမယ့် အချိန်ရလာတာနဲ့အမျှ လမ်းမှန်ပေါ် ပြန်ရောက်လိမ့်မယ်လို့ မျှော်လင့်ခဲ့တယ်။ ဒါကြောင့်မို့ နေအိမ်မှာ ကန့်သတ်ထားမှုအရ ပြင်ပပုဂ္ဂိုလ်တွေနဲ့ ထိတွေ့ဆက်ဆံခွင့်မရှိတဲ့ ဒေါ်စုကြည်ကို သူ့ခင်ပွန်း အင်္ဂလိပ်လူမျိုး ဗြိတိန်နိုင်ငံသား မိုက်ကယ်အဲရစ်နဲ့ တွေ့ဆုံခွင့်သာမက ရက်ရှည်လများ နေထိုင်ခွင့်ကိုပါ လိုက်လျောခွင့်ပြုပေးခဲ့တယ်။

စိုးမြကျော် ။ ဟာ–ဒါဆို ဒေါ်စုကြည်ဟာ မိုက်ကယ်အဲရစ်ကတစ်ဆင့် အမေရိကန်၊ ဗြိတိန်တို့နဲ့ အဆက်အသွယ်ရနေမှာပေါ့နော်။ မိုက်ကယ်အဲရစ် ဘယ်နှကြိမ် လာရောက်ပြီး ဘယ်လောက်များ ဒေါ်စုကြည်နဲ့အတူနေထိုင်သွားခဲ့လို့လဲ။ ဒီလူက ဗြိတိန်နိုင်ငံသား ဆိုပေမယ့် တစ်ကမ္ဘာလုံး လှည့်ပတ်သွားလာပြီး နိုင်ငံရေးလှုပ်ရှားနေတဲ့လူပဲ။ မိုက်ကယ်အဲရစ်ရဲ့ မိခင်ဆိုရင် မြန်မာနိုင်ငံကိုဆန့်ကျင်ဖို့အတွက် ဗြိတိန်မှာ ဖွဲ့ထားတဲ့ အဖွဲ့တစ်ဖွဲ့မှာ အထင်ကရ ပါဝင်လှုပ်ရှားနေတာ နိုင်ငံတကာက သိနေတာပဲ။

ဘကြီးစိုး ။ ၂၀–၇–၁၉၈၉ရက်နေ့မှာ ဒေါ်စုကြည်ကို နေအိမ်မှာတားမြစ်ကန့်သတ်ခဲ့တယ်။ ၂၂–၇–၁၉၈၉ ရက်နေ့မှာပဲ မိုက်ကယ်အဲရစ်ရောက်လာပြီး ဒေါ်စုကြည်နဲ့အတူ ၁၂–၈–၁၉၈၉ရက်နေ့အထိ နေထိုင်သွားခဲ့တယ်။

စိုးမြကျော် ။ အဲဒီတစ်ခေါက်တည်းပဲ မဟုတ်လား ဘကြီး။

ဘကြီးစိုး ။ ဘယ်ကပါ့မလဲကွယ်။ ၁၉၉၀ပြည့်နှစ်အတွင်း နှစ်ကြိမ်လာရောက်ခဲ့တယ်။ ၁၉၉၀ပြည့်နှစ်ကနေ ၁၉၉၄ ခုနှစ်အတွင်း ဆယ်ကြိမ်တိုင်တိုင်လာရောက်ပြီး ဒေါ်စုကြည်နဲ့ အတူ ကိုးလခွဲနီးပါး (၂၈၄ရက်တိတိ) နေထိုင်သွားခဲ့တယ်ကွယ့်။

ကြီးကြီးမြ ။ အဲဒါကြောင့် ကြီးကြီးမြ ဒေါသဖြစ်ရတာပေါ့ကွယ်။ ကြီးကြီးတို့ မြန်မာ့ဆိုစကားမှာရှိတယ် မဟုတ်လား။ မိဘပြောရင် တစ်လ၊ မယားပြောရင် တစ်ညဆိုတာလေ။ အခုတော့ ယောကျ်ား ပြောသမျှ ကိုးလတောင် ကြားနေကျနားရည်ဝသွားတဲ့ ဒေါ်စုကြည်တစ်ယောက် ဘယ်လိုစိတ်တွေပေါက်လာသလဲဆိုတာ မကြာခင်မှာ ဘွင်းဘွင်းကြီးပေါ်လာခဲ့တယ်လေ။

ဘကြီးစိုး ။ ဟုတ်တယ် မောင်ကျော်ရေ၊ မိုက်ကယ်အဲရစ် ဗီဇာလျှောက်တိုင်း လိုက်လျောခွင့်ပြုပေးခဲ့တယ်။ ဗီဇာခွင့်ပြုရက်ကျော်လို့ ထပ်လျှောက်ရင်လဲ ထပ်ပေးခဲ့တာပဲ။ လေဆိပ်မှာလဲ တင်းတင်းကျပ်ကျပ် စစ်ဆေးမှုမပြုခဲ့ဘူး။ နိုင်ငံကြီးသားပီသစွာ လူကြီးလူကောင်းစိတ်ဓာတ်နဲ့ပြုမူလိမ့်မယ်လို့ ယူဆပြီး မိုက်ကယ်အဲရစ် ကွန်ပျူတာနဲ့ဆက်သွယ်မှုတွေ ပြုနေတာကိုတောင် မတားမြစ်ခဲ့ဘူး။

ကြီးကြီးမြ ။ ကြီးကြီးမနေနိုင်လွန်းလို့ ဝင်ပြောရဦးမယ်။ အဲလောက်အထိ ကြီးကြီးတို့ဘက်က စိတ်ရှည်သည်းခံလိုက်လျောခွင့်ပြုခဲ့ပေမယ့် ရန်ကုန်မြို့မှာရှိတဲ့ ဗြိတိန်သံရုံးက ဘယ်လိုစွပ်စွဲ ပုတ်ခတ်ခဲ့သလဲသိလား။ မိုက်ကယ်အဲရစ်နဲ့ ဒေါ်စုကြည် တစ်မိုးအောက်မှာ သူတို့သဘောနဲ့ သူတို့နှစ်ယောက် အတူနေကြတာကို သူတို့ရဲ့ ဗြိတိန်နိုင်ငံသားကို အစောင့်အကြပ်တွေနဲ့ ထိန်းချုပ်ထားသတဲ့ကွယ်။

စိုးမြကျော် ။ ဟာ– ဒီလောက်ပဲလား။ သူတို့ သဘောအတိုင်းဆိုရင် မိုက်ကယ်အဲရစ်နဲ့ ဒေါ်စုကြည်ကို ဆီဒိုးနားတို့၊ ထရေးဒါးတို့မှာ တခမ်းတနား ထားပေးရမလို ဖြစ်နေပါရောလား။

ကြီးကြီးမြ ။ ကြီးကြီးတို့ဘက်က ဒေါ်စုကြည်နဲ့ မိုက်ကယ်အဲရစ်ကို အဲဒီလို မထားရုံတစ်မယ်ပါပဲကွယ်။ ၂၀–၉–၁၉၉၄ရက်နေ့မှာ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဒေါ်စုကြည်ကို အမှတ်(၁) တပ်မတော်ဧည့်ဂေဟာမှာ ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ပါသေးတယ်။

စိုးမြကျော် ။ မှတ်မိပြီ ကြီးကြီး။ နိုင်ငံတော်အကြီးအကဲနဲ့ ဒေါ်စုကြည်တို့တွေ့ဆုံမှု သတင်းမြင်ကွင်းကို ရုပ်မြင်သံကြားမှာ ပြသလို သတင်းစာတွေမှာလဲ ဖော်ပြခဲ့တာမို့ ကျွန်တော်တို့နိုင်ငံရဲ့ အကျပ်အတည်းတစ်ခု ပြေလည်တော့မယ်ဆိုပြီး ပြည်သူတွေ ဝမ်းသာအားရဖြစ်ခဲ့ကြတာ ကိုယ်တွေ့မျက်မြင်ပါပဲ။

ဘကြီးစိုး ။ ဘကြီးတို့လဲ ဝမ်းသာခဲ့ကြတာပေါ့ကွယ်။ နောက်တစ်ပတ်အကြာ ၂၈–၁၀–၁၉၉၄ရက်နေ့မှာလဲ နိုင်ငံတော်မှ တာဝန်ရှိ ပုဂ္ဂိုလ်တွေနဲ့ ဒေါ်စုကြည်တို့ ဒုတိယအကြိမ် ထပ်မံပြီး ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ကြတယ်ကွယ့်။

စိုးမြကျော် ။ ဟုတ်တယ်ဘကြီး။ ဒေါ်စုကြည်နဲ့ တွေ့ဆုံဆွေးနွေးရာမှာ မြန်မာနိုင်ငံရဲ့ လက်ရှိအခြေအနေ၊ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနဲ့ ရေရှည်အကျိုးစီးပွားအတွက် ဆောင်ရွက်သင့်တာတွေကို နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်ခဲ့တာကို ကျွန်တော်တို့ မြင်တွေ့ကြားသိ ဖတ်ရှုလိုက်ရပါတယ်။

ကြီးကြီးမြ ။ နိုင်ငံတော်က မောင်မင်းကြီးသား မိုက်ကယ်အဲရစ်နဲ့ မယ်မင်းကြီးမ ဒေါ်စုကြည်တို့ကို အဲဒီလို သူတို့လိုလားတဲ့ လူ့အခွင့်အရေးတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ အပြည့်အဝပေးခဲ့တာကို ဘယ်လိုကျေးဇူးဆပ်ပြီး တုံ့ပြန်ခဲ့သလဲဆိုတာ ကြားရရင် ရင်ကွဲပက်လက်တောင် ဖြစ်လောက်တယ်။ ကြီးကြီး မပြောချင်တော့ပါဘူးကွယ်။ မင်းဘကြီးပဲ ရှင်းပြလိမ့်မယ်။

ဘကြီးစိုး ။ အဲဒီလို **စိတ်ရင်းအမှန်နဲ့ လိုက်လျောမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ ပြုခဲ့ပေမယ့် ဒို့နိုင်ငံနဲ့ ဒို့ပြည်သူတွေ မျှော်မှန်းသလို အကျိုးရလဒ်ကောင်းတွေ ပေါ်ထွက်မလာခဲ့ပါဘူး။ ၂၄–၁၂–၁၉၉၄ ရက်နေ့မှာ မိုက်ကယ်အဲရစ် ဒေါ်စုကြည်ဆီ ရောက်လာပြန်ပြီး တစ်လနီးပါး နေထိုင်သွားတယ်။ ၂၀–၁–၁၉၉၅ ရက်နေ့အပြန် ဗန်ကောက်လေဆိပ်မှာ ဒေါ်စုကြည်ရဲ့ သတင်းကြေညာချက်ဆိုပြီး မိုက်ကယ်အဲရစ်က ထုတ်ပြန်တယ်။ အဲဒီ ကြေညာချက်မှာ ဒေါ်စုကြည်က ၎င်းရဲ့တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမယ်လို့ ပြောကြားကြောင်း ဖော်ပြခဲ့တယ်ကွယ်။**

စိုးမြကျော် ။ ဟာ–အဲဒီလို ကြေညာလိုက်တာဟာ ဒေါ်စုကြည်က သူမူလကိုင်စွဲထားတဲ့ အမိန့်ဟူသမျှ ဖီဆန်ရေး၊ ထိပ်တိုက်ဆန့်ကျင်ရေး သဘောထားအတိုင်း မပြောင်းလဲဘဲ တပ်မတော်အစိုးရကို ရန်သူလို သတ်မှတ်ပြီး ဆက်လက်ဆန့်ကျင် တိုက်ခိုက်သွားမယ်လို့ ကြေညာလိုက်တာပဲနော် ဘကြီး။

ဘကြီးစိုး ။ မှန်တာပေါ့ကွယ်။ တစ်နည်းဆိုရရင် ကိုလိုနီနယ်ချဲ့လက်သစ်ဆရာကြီးတွေ ကြိုးဆွဲတဲ့အတိုင်း သူလိုက်ကမှာ ဖြစ်ကြောင်း၊ တပ်မတော်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ခဲ့ပေမယ့် သူ့ဘက်က မီးစတစ်ဖက် ရေမှုတ်တစ်ဖက်လုပ်ထားကြောင်းကို အမေရိကန်အစိုးရနဲ့ ဗြိတိန်အစိုးရဆီ မီးစိမ်းပြပြီး သတင်းပို့လိုက်တာပဲ ဖြစ်တယ်ကွယ့်။

ကြီးကြီးမြ ။ ဒါတင်ဘယ်ကပါဦးမလဲ မောင်ကျော်ရယ်။ သူတားမြစ်ခံထားရတဲ့အချိန်မှာ NLDဗဟိုအလုပ်အမှုဆောင်အဖွဲ့က ပါတီတွင်း ဒီမိုကရေစီကျင့်သုံးမှုအရ အများရဲ့ သဘောတူညီဆုံးဖြတ်မှုနဲ့ အမျိုးသားညီလာခံမှာ ပါဝင်တက်ရောက်နေတာကိုပါ ဖျက်လိုဖျက်ဆီး လုပ်ပစ်မယ်ဆိုတဲ့သဘော သက်ရောက်နေတာကို ပြောမယုံ ကြုံဖူးမှသိဆိုသလို နောက်ပိုင်းကျမှ သိလိုက်ရတယ်။

စိုးမြကျော် ။ ဟာ–ဟုတ်ပါရဲ့။ ကျွန်တော်တို့က ၁၉၈၉ခုနှစ်ကနေ ၁၉၉၄ခုနှစ်အတွင်း ဒေါ်စုကြည်ရဲ့ လှုပ်ရှားမှုမြင်ကွင်းကိုသာ ပြန်ကြည့်နေကြတာကိုး။ ၂၆–၃–၁၉၉၁ရက်နေ့မှာ ဒေါ်စုကြည်ရဲ့ လောင်းရိပ်အောက်က လွတ်မြောက်အောင် ရုန်းထွက်ပြီး ကိုယ်ပိုင်အတွေးအခေါ် အယူအဆ တွေနဲ့ လွတ်လွတ်လပ်လပ် ဆုံးဖြတ်ဆောင်ရွက်ခဲ့တဲ့ NLD ပါတီရဲ့ လှုပ်ရှားမှုမြင်ကွင်းကိုလဲ ပြန်ကြည့်ဖို့ ကျန်နေသေးတာပဲ။

ဘကြီးစိုး ။ အဲဒီအကြောင်းတွေကို အခုတစ်ထိုင်တည်း ဆက်ပြီး ဆွေးနွေးရင် မြန်မာပြည်မှာ ဇာတ်လမ်းရှုပ်သမျှဆိုတဲ့စာချိုးအတိုင်း တွေ့ရ ကြားရဦးမှာမို့ ဒီနေရာမှာတင် မင်းကြီးကြီးကို နားနတ်ပေးနေရဦးမယ်။ ဒါကြောင့် ဒီနေ့တော့ဒီမျှနဲ့သာ နားလိုက်ကြပါစို့ကွယ်။ မနက်ဖြန်မှ ဆက်ကြတာပေါ့။

စိုးမြကျော် ။ ဟုတ်ကဲ့ပါ ဘကြီး။ ကြီးကြီးလဲ အနားယူလိုက်ပါဦး။ ဒေါသထွက်စရာတွေ ရှိနေသေးရင် မနက်ဖြန်ကျမှပဲ ကျွန်တော်တို့ ဒေါသဆက်ထွက်ကြတာပေါ့နော် ကြီးကြီး။

ကြီးကြီးမြ ။ အေးပါကွယ်။ မနက်ဖြန်ကျရင်သာ မင်းဆက်ဆက်လာဖို့ မမေ့နဲ့ဦး။

စိတ်ရင်းအမှန်နဲ့ လိုက်လျောမှုတွေ၊ တွေ့ဆုံဆွေးနွေးမှုတွေ ပြုခဲ့ပေမယ့် ဒို့နိုင်ငံနဲ့ ဒို့ပြည်သူ တွေ မျှော်မှန်းသလို အကျိုးရလဒ်ကောင်းတွေ ပေါ်ထွက်မလာခဲ့ပါဘူး။ ၂၄–၁၂–၁၉၉၄ရက်နေ့မှာ မိုက်ကယ်အဲရစ် ဒေါ်စုကြည်ဆီ ရောက်လာပြန်ပြီး တစ်လနီးပါး နေထိုင်သွားတယ်။ ၂၀–၁–၁၉၉၅ရက်နေ့အပြန် ဗန်ကောက်လေဆိပ်မှာ ဒေါ်စုကြည်ရဲ့ သတင်းကြေညာချက်ဆိုပြီး မိုက်ကယ်အဲရစ်က ထုတ်ပြန်တယ်။ အဲဒီကြေညာချက်မှာ ဒေါ်စုကြည်က ၎င်းရဲ့တိုက်ပွဲကို ဆက်လက်ဆင်နွှဲသွားမယ်လို့ ပြောကြားကြောင်း ဖော်ပြခဲ့တယ်ကွယ်။

ယာဉ်တိုက်မှုမဖြစ်စေရေး ယာဉ်မောင်းများ စနစ်တကျတာဝန်ပေး လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်စီးနင်းသူများ စစ်ဆေးအရေးယူ

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂ရက် ညနေ ၅နာရီက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ ကွပ်ကဲမှုအောက်၌ ကော်မတီသုံးခု ဖွဲ့စည်းပေးထားပြီးဖြစ်ရာ ကော်မတီများအလိုက် လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်၊ ရန်ကုန်မြို့တွင်းရှိ အင်ဗာတာ တပ်ဆင်ထားသော အချက်ပြ မီးပွိုင့် ၁၈နေရာ၌ အင်ဗာတာအား အချိန်ပြည့် အသုံးပြုနိုင်ရေးအတွက် ဘက်ထရီများကို အရန်ထားရှိရန်၊ လူကူးမျဉ်းကျားမရှိသည့် နေရာများနှင့် ဆေးသားပျက်ပြယ်နေသည့် နေရာများ၌ လူကူးမျဉ်းကျားများ ပြန်လည်ရေးဆွဲကြရန်၊ ဆိပ်ကမ်းမြို့နယ် ဝါးတန်းတံတား အမှတ်(၃)နှင့်(၄)ရှိ ဆိပ်ခံတံတားအောက်တွင် သဲသောင်များ ပေါ်ပေါက်လာခြင်းကြောင့် သင်္ဘောစီးခရီးသည်များ အန္တရာယ် ဖြစ်စေနိုင်သည့်အတွက် သဲသောင်များ ဖယ်ရှားရှင်းလင်းရေး စီစဉ်ဆောင်ရွက်ကြရန်၊ ရန်ကုန်မြို့ရှိ အဝေးပြေးဂိတ်များ၌ အများပြည်သူသုံး တယ်လီဖုန်းများ တပ်ဆင်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန်၊ ယခုကာလအတွင်း နံနက်ပိုင်းများ၌ နှင်းများထူထပ်စွာ ကျရောက်သဖြင့် မော်တော်ယာဉ်များ ဂရုတစိုက်မောင်းနှင်ကြရေးနှင့် ကူးတို့လှေ၊ စက်လှေ ဖြတ်သန်းပြေးဆွဲမှုများကို ခေတ္တဆိုင်းငံ့ထားရေးကြပ်မတ်ဆောင်ရွက်ကြရန်၊ ယာဉ်တိုက်မှုမဖြစ်စေရေးအတွက် ယာဉ်မောင်းများကို စနစ်တကျစိစစ်ပြီးမှသာ တာဝန်ပေးကြရန်၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်စီးနင်းသူများကို ကြပ်မတ်စစ်ဆေး၍ ထိရောက်စွာအရေးယူကြရန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ယာဉ်လိုင်းများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယာဉ်တိုက်မှုများ သိသိသာသာ လျော့နည်းကျဆင်းလာပြီဖြစ်၍ ယခုထက်ပိုမိုကျဆင်းအောင် ယာဉ်အန္တရာယ်ကင်းရှင်းရေးနေ့များ သတ်မှတ်၍ ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီ၊ ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်နှင့် အခြားယာဉ်လိုင်းများ ကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက္ကသိုလ်၊ကောလိပ်များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်း ဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ် ကြို/ပို့ယာဉ်များဆိုင်ရာ ကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကိစ္စရပ်များနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းစီမံဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်း လိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြွန်တန်ဆာအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

မြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာနခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြွန်တန်ဆာဒေသ နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သို့ဖြစ်၍ အသက်၇၅နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့်မိဘများစာရင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို နာယက ဦးဘသောင်း ဖုန်း- ၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း- ၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း- ၆၆၃၀၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း ဖုန်း- ၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း- ၂၉၅၁၂၃၊ ပြန်ကြားရေးမှူး ဦးညွန့်ကြည် ဖုန်း- ၅၀၁၇၀၄၊ ၅၀၂၇၀၃၊ အမှုဆောင် ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈ နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀ တို့သို့ ဖေဖော်ဝါရီ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ကြောင်း သိရသည်။ **(က-ပ)**

မျက်စိအထူးကုဆရာဝန်များ ဝမ်းတွင်းမြို့နယ်၌ အခမဲ့ကွင်းဆင်းကုသ

ရန်ကုန် ဖေဖော်ဝါရီ ၄

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိသမားတော်ကြီးများဖြစ်သော ပါမောက္ခ ဦးသန်းအောင်၊ ပါမောက္ခ ဒေါ်မြင့်ခိုင်၊ ပါမောက္ခ ဦးမြအောင်နှင့် ဆရာဝန်ရှစ်ဦး၊ ခွဲခန်းတာဝန်ခံသူနာပြုဆရာမကြီး လေးဦး၊ မျက်မှန်ကျွမ်းကျင်သူနှစ်ဦးတို့သည် ဇန်နဝါရီ ၂၆ရက်မှ ၂၉ရက်အထိ ဝမ်းတွင်းမြို့နယ်ဆေးရုံကြီးသို့ ကွင်းဆင်း၍ မျက်စိဝေဒနာရှင် ၁၃၀၀ကျော်ကို မျက်စိစမ်းသပ်ကြည့်ရှုစစ်ဆေးပြီး အတွင်းတိမ်ရောဂါကြောင့် မျက်မမြင်ဘဝရောက်နေသော မျက်စိဝေဒနာရှင်လူနာ ၂၁၀ အား အကြီးစား ခွဲစိတ်ခြင်း၊ လူနာ ၆၀အား အသေးစား ခွဲစိတ်ခြင်းနှင့် လူနာ ၃၀၀ကျော်ခန့်ကို မျက်မှန်စမ်းသပ်ခြင်းများအားလုံးကို အခမဲ့ဆောင်ရွက်ပေးသည်။ ထို့အပြင် လူနာ၄၀၀ခန့်အား မျက်စိရောဂါနှင့်ပတ်သက်၍ကျန်းမာရေး ဟောပြောမှုများ ပြုလုပ်ပေးခဲ့သည်။

အဆိုပါ မျက်စိ အခမဲ့ခွဲစိတ်မှုကို ဝမ်းတွင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်စိုးနှင့် အဖွဲ့ဝင်များ၊ မိတ္ထီလာခရိုင် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးဝင်းကိုရှိန်နှင့်အဖွဲ့ဝင်များ၊ ဝမ်းတွင်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စန်းဌေးနှင့် ဆေးရုံဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ယင်းသို့ ပြည်သူလူထုအခြေပြု မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း အောင်မြင်ရန်အတွက် ဝမ်းတွင်းမြို့နယ်အသင်း(ရန်ကုန်)က အဓိကပံ့ပိုးကူညီ၍ သဲတော-ဝမ်းတွင်း မြို့မိမြို့ဖ စေတနာရှင်များ၊ ရန်ကုန်မြို့ပေါ်ရှိ စေတနာရှင်များက ကုသိုလ်ဖြစ် လှူဒါန်းကူညီခဲ့သည်။

ယင်းသို့ ကွင်းဆင်းခြင်းကို ၂၀၀၀ပြည့်နှစ်မှ စတင်ခဲ့ကြပြီး မြို့ပေါင်း ၃၃ မြို့သို့ (၃၉)ကြိမ် ကွင်းဆင်းကုသပေးခဲ့ပြီး ပြင်ပလူနာပေါင်း ၂၁၇၆၂ဦးကိုကြည့်ရှုပေးခဲ့ကာ အတွင်းတိမ် ဝေဒနာရှင်ပေါင်း ၄၆၀၅ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ (အောက်ပုံ)

(မြန်မာ့အလင်း)

❐ **ကျောဖုံးမှ**

တက်ကြွစွာပါဝင်

ထို့နောက် ဖောင်းတောကျေးရွာ ပြည်သူများကိုယ်စား တောင်သူ ဦးငြိမ်းအောင်က ကျေးရွာဖွံ့ဖြိုးရေးကိစ္စ၊ မူလတန်းကျောင်း တည်ဆောက်ရေးကိစ္စများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျေးရွာသူကျေးရွာသားများအနေဖြင့် စည်းလုံးညီညွတ်စွာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းသည် ဝမ်းတွင်း ချည်မျှင်နှင့်အထည်စက်ရုံ ရက်ကန်းစက်ရုံ အမှတ်(၄)သို့ ရောက်ရှိပြီး ရက်ကန်း ရက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးသည်။

အရည်အသွေးစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သွေးကြောသွင်း ဆေးရည်ထုတ်လုပ်ရေးဌာနနှင့် ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းရှိ လုပ်ငန်းအရည်အသွေး စစ်ဆေးခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှစ်မိုင်ရှိ ယခင်ပြည်ထောင်စုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ နှစ်စဉ်ကျင်းပမြဲ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၀၆ လမ်း အမှတ်၂၄ (ဒီ)ရှိဆရာကြီး ဦးတိုးအောင်၏ နေအိမ်၌ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

အာစရိယပူဇော်ပွဲသို့ ဆရာဟောင်းများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီးဗဟိန်း(ငြိမ်း) ဖုန်း-၆၆၀၇၃၁၊ ဗိုလ်မှူးမောင်သိမ်း(ငြိမ်း) ဖုန်း-၅၇၂၀၁၅၊ ဒေါက်တာဦးအေးဖေ ဖုန်း-၆၆၂၉၆၇၊ ဦးအေးဖေ ဖုန်း-၃၇၉၆၄၇၊ ဦးထွန်းမြင့် ဖုန်း-၀၅၆-၂၁၄၇၃၊ ဦးဘညွန့်ဦး ဖုန်း-၆၈၄၇၆၁နှင့် ဦးဝင်းကြည် ဖုန်း-၅၇၃၁၉၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။**(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၅-၂-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၄။	ကြည်နူးနားဆင် ပြုံးပျော်ရွှင်
၄း၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၆။	မျိုးချစ်တပ်မတော်
၅း၁၀	၇။	ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅း၃၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက ချစ်လိပ်ပြာ"** (အပိုင်း-၆)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစုံစမ်း
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၁၉)

ကမ္ဘာတစ်လွှား အားကစား

စပိန်လာလီဂါပွဲစဉ်(၂၁) ဆက်လက်ကစား ဗလင်စီယာနှင့် ရီးရဲဇာရာဂိုဇာတို့ နိုင်ပွဲများရရှိ

မက်ဒရစ် ဖေဖော်ဝါရီ ၄

စပိန်လာလီဂါ ဘောလုံးပွဲစဉ်(၂၁)ကို ဖေဖော်ဝါရီ ၃ရက်က ဆက်လက်ကစားရာ ဒီပို့တီဗိုက မာလော့ကာကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသလို ဗလင်စီယာက အက်သလက်တီကိုအား သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး အက်စ်ပန်းညိုက ရီးရဲဇာရာဂိုဇာကို တစ်ဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

အက်စ်ပန်းညိုနှင့် ရီးရဲဇာရာဂိုဇာတို့ပွဲတွင် ရီးရဲဇာရာဂိုဇာတိုက်စစ်မှူး ဆာဂျီရိုဂါစီယာ(ယာ) **ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အက်စ်ပန်းညိုနှင့် ရီးရဲဇာရာဂိုဇာ

အက်စ်ပန်းညိုတို့ အိမ်ကွင်း ဖြစ်သော်လည်း ရီးရဲဇာရာဂိုဇာကို အပေါ်စီးမှ မကစားနိုင်သည့်အပြင် ချေပဂိုးတစ်ဂိုးကိုပင် ကြိုးစားသွင်းယူခဲ့ရခြင်းဖြစ်သည်။ မီလီတိုနှင့် ဂါစီယာတိုက်စစ်အတွဲက ခြေပေါ်အောင် ကစားနိုင်ခဲ့ပြီး အက်စ်ပန်းညို နောက်တန်းကို ကျော်ဖြတ် ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့သော်လည်း ပထမပိုင်းပွဲချိန်၌ ဂိုးမသွင်းနိုင်ခဲ့ချေ။

ချေပဂိုးသွင်း

ဒုတိယပိုင်း ၅၅မိနစ်တွင် ရီးရဲဇာရာဂိုဇာတိုက်စစ်မှူးဆာဂျီရိုဂါစီယာက အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ အိမ်ရှင်အက်စ်ပန်းညိုတို့ ချေပဂိုးရရှိရေး ကြိုးစားရာ တိုက်စစ်မှူး တာမူဒိုနှင့် လူးဝစ်ဂါစီယာတို့ကန်ချက်များ အပေါ်ထွက်၊ ဘေးထောင် ဖြစ်နေသဖြင့် ဂိုးမရရှိဘဲဖြစ်နေရာ ပွဲချိန်၈၆မိနစ်ရောက်မှသာ အက်စ်ပန်းညို တိုက်စစ်မှူး လူးဝစ်ဂါစီယာက ချေပဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

အနိုင်ရရှိခဲ့

သို့သော် ရီးရဲဇာရာဂိုဇာက ပွဲချိန် ၈၇မိနစ်တွင် ချက်ချင်းပင် တိုက်စစ်မှူး ဆာဂျီရိုဂါစီယာက ဒုတိယမြောက်ဂိုးကို သွင်းယူလိုက်သဖြင့် ရီးရဲဇာရာဂိုဇာတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အဝေးကွင်း၌ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဒီပို့တီဗိုနှင့် မာလော့ကာ

ဒီပို့တီဗိုတို့ ကံကောင်းစွာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အိမ်ကွင်း၌ အနိုင်ရအောင် ကြိုးစားပိတ်ဆို့ကစားခဲ့၍သာ အဖိုးတန် သုံးမှတ်ရရှိခဲ့ခြင်းလည်းဖြစ်သည်။ မာလော့ကာသည် ဂိုးသွင်းခွင့်များ ၁၅ကြိမ်ခန့် ရရှိပြီး အပိုင်ကန်သွင်းခွင့် နှစ်ကြိမ် ရရှိခဲ့သော်လည်း မာလော့ကာ တိုက်စစ်မှူးများ ဖြစ်သည့် လိုပက်ဇ်နှင့် နူနက်ခ်တို့

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

အဆုံးသတ် မသေချာမှုကြောင့် ချေပဂိုး မရရှိခဲ့ခြင်းဖြစ်သည်။

သွင်းယူ

ဒီပို့တီဗိုအတွက် အနိုင်ဂိုးမှာ ပွဲချိန် ၄၅မိနစ်၌ ပယ်နယ်တီ ပြစ်ဒဏ်ဘောမှ တစ်ဆင့် တိုက်စစ်မှူး အီစတိုယာနော့ဖ်က သွင်းယူပေးခဲ့သဖြင့် ယင်းဂိုးဖြင့်ပင် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဗလင်စီယာနှင့် အက်သလက်တီကို

ဗလင်စီယာတိုက်စစ်မှူး ဖာနန်ဒိုမိုရီရန်တက်စ် ခြေစွမ်းပြသွင်းဂိုးများဖြင့် ဗလင်စီယာတို့ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဗလင်စီယာအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၅မိနစ်၌ နောက်ခံလူ အယာလာက သွင်းယူပေးခဲ့ခြင်းဖြစ်ပြီး ဒုတိယဂိုးနှင့် တတိယဂိုးကို ပွဲချိန်၅၄ မိနစ်နှင့် ၆၉မိနစ်တို့၌ တိုက်စစ်မှူး မိုရီရန်တက်စ်က တစ်ဦးတည်းနှစ်ဂိုး ဆက်တိုက်သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကို၏ ချေပဂိုးကို ပွဲချိန် ၅၆မိနစ်၌ တိုက်စစ်မှူးမီစတာက သွင်းယူပေးခဲ့၍သာ သုံးဂိုး-တစ်ဂိုးဖြင့် အက်သလက်တီကိုတို့ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဗလင်စီယာသည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့်တန်းစီဇယား၌၂၁ပွဲ ကစား ၁၂ပွဲနိုင်၊ သုံးပွဲသရေ၊ ခြောက်ပွဲရှုံးဖြင့် တန်းစီဇယား တတိယနေရာ၌ ရှိနေသည်။

အက်သလက်တီကိုမှာ ၂၁ပွဲကစား ၁၀ပွဲနိုင်၊ ခြောက်ပွဲသရေ၊ ငါးပွဲရှုံးဖြင့် တန်းစီဇယား ပဉ္စမနေရာ၌ ရပ်တည်နေသည်။

(အင်တာနက်)

ရော်နယ်ဒို၊ ရော်နယ်ဒင်ဟို ပြီးတော့ စီရိုနယ်ဒိုလား

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

လန်ဒန် ဖေဖော်ဝါရီ ၄

ကမ္ဘာ့အကျော်ကြားဆုံးသော ဘောလုံးသမားများတွင် ဘရာဇီးလက်ရွေးစင် တိုက်စစ်မှူးရော်နယ်ဒိုနှင့် ဘရာဇီး ကွင်းလယ်ကစားသမား ရော်နယ်ဒင်ဟိုတို့သည် ထိပ်တန်းဘောလုံးသမားများ ဖြစ်ကြသည်။

ရော်နယ်ဒိုသည် ဘရာဇီး အသင်းတွင် ၁၉၉၄ ခုနှစ်နှင့် ၂၀၀၂ ခုနှစ်များ၌ ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့စဉ်က ကမ္ဘာကျော် ဂိုးသွင်းစက်အဖြစ် ထင်ရှားကျော်ကြားခဲ့သူတစ်ဦးဖြစ်သည်။

ဖေဖော်ဝါရီ ၂ရက်က အေစီမီလန် ဂျာစီအင်္ကျီနှင့်အတူ ရော်နယ်ဒိုအား ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကျော်ဖြစ်လာ

ထိုသို့ ဂိုးသွင်းကောင်းသည့် ရော်နယ်ဒိုအား ကမ္ဘာ့ဖလားပွဲပြီး ၁၉၉၆ ခုနှစ်တွင် ဘာစီလိုနာ အသင်းက အိုင့်ဟိုဗင်အသင်းမှ ရော်နယ်ဒိုအား ပေါင် ၁၂သန်းပေး၍ ခေါ်ယူ ခဲ့သည်။ ယင်းနောက် တစ်နှစ်အကြာ အီတလီစီးရီးအေအသင်း အင်တာမီလန်အသင်းက ခေါ်ယူခဲ့ပြန်သည်။ အင်တာ မီလန်အသင်း၌ ရော်နယ်ဒို၏ ဂိုးသွင်းစွမ်းရည်များကြောင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆု သုံးကြိမ်၊ ဥရောပ အကောင်းဆုံး ဘောလုံးသမားဆုနှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သည့် ကမ္ဘာကျော် ရော်နယ်ဒိုဖြစ်လာသည်။

တိုက်စစ်မှူးကောင်း

ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒိုအား ၂၀၀၂ ခုနှစ် ဘောလုံးရာသီတွင် ပေါင်သန်း ၃၀အကုန်အကျခံ၍ စပိန်ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူကစားခဲ့ပြန်သည်။ ရော်နယ်ဒိုသည်အောင်မြင်

ဘာစီလိုနာတိုက်စစ်မှူး ရော်နယ်ဒင်ဟို။
(ဓာတ်ပုံ-အင်တာနက်)

ကျော်ကြားသည့် တိုက်စစ်မှူးကောင်း ပီပီ ရီးရဲမက်ဒရစ်အသင်းသို့ ရောက်ရှိစဉ်အတွင်း ဥရောပ ချန်ပီယံလိဂ်၊ စပိန်လာလီဂါနှင့် အခြားသောပွဲစဉ်များတွင် ဂိုးပေါင်း ၉၀ကျော် သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။

စီးရီးအေသို့ပြန်

သို့သော်လည်း ရော်နယ်ဒိုအား ဂိုးသွင်းစွမ်းရည် ကျဆင်းလာမှုကြောင့် ဘာနေဗျူးတွင် ရေပန်းစားမှုအဆင့် လျော့ကျလာခဲ့သည်။ ယခုအခါ တစ်ချိန်က နာမည်ကျော်ကြား ရော်နယ်ဒိုသည် ဖေဖော်ဝါရီ ၂ရက်က အီတလီစီးရီးအေ အေစီမီလန်သို့ပြန်ခဲ့ပြီဖြစ်သည်။ ရီးရဲမက်ဒရစ် အသင်းမှ ပြောင်းရွှေ့ကြေးဒေါ်လာ ၉၃သမ ၇၃ သန်းဖြင့် ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။

ထို့အတူ ဘရာဇီးကွင်းလယ်ကစားသမား ရော်နယ်ဒင်ဟိုသည်လည်း အောင်မြင်ကျော်ကြား ဘောလုံးသမားအဖြစ် လူသိများခဲ့သူဖြစ်သည်။ ရော်နယ်ဒင်ဟို၏ ရာဇဝင်သမိုင်းကြောင်းကို ပြန်ပြောင်းတင်ပြရလျှင် ၎င်းသည် ၂၀၀၂ ခုနှစ်က ဘရာဇီးအသင်း ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ရာမှအစပြု၍ နာမည်ကြီးလာသူ ဖြစ်သည်။

ရော်နယ်ဒင်ဟို၏ ဘောလုံးကျွမ်းကျင်မှုနှင့် ဂိုးသွင်းစွမ်းရည်ကောင်းမွန်မှုကြောင့် ကမ္ဘာ့ကလပ်အသင်းများက မျက်စိကျလာခဲ့သည်။ ၎င်းသည် ၂၀၀၁ ခုနှစ်တွင် ပီအက်စ်ဂျီအသင်း၌ ကစားလျက်ရှိနေရာမှ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီတွင် စပိန်လာလီဂါ ဘာစီလိုနာအသင်းက ခေါ်ယူကစားခဲ့သည်။

ဖိုလ်စွဲနိုင်ခဲ့

စိတ်ဓာတ်ကောင်းမွန်သော ရော်နယ်ဒင်ဟိုသည် ခြေစွမ်းပြကစားပေးခဲ့နိုင်မှုကြောင့် ဘာစီလိုနာတို့ စပိန်လာလီဂါဖလားကို နှစ်နှစ်ဆက်တိုက် ဖိုလ်စွဲနိုင်ခဲ့ပြီဖြစ်သည်။

အဓိကစွမ်းဆောင်

ထို့အပြင် ဘာစီလိုနာအသင်းအား ယမန်နှစ် ဘောလုံးရာသီက ချန်ပီယံလိဂ် ဆုဖလားကြီး ဆွတ်ခူးနိုင်အောင်လည်း အဓိကစွမ်းဆောင်ကစားပေးခဲ့သူဖြစ်သည်။

ထို့ကြောင့်လည်း ရော်နယ်ဒင်ဟိုသည် ကမ္ဘာ့ဘောလုံးလောကအကြား အောင်မြင်ကျော်ကြားမှုများနှင့်အတူ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုနှင့် ဥရောပအကောင်းဆုံးဘောလုံး

တောင်ပံတိုက်စစ်မှူး စီရိုနယ်ဒို မန်ယူကစားဖော်များ ဝိုင်းရံလျက် ဤသို့ အောင်ပွဲခံမှုမြင်ကွင်း။
(ဓာတ်ပုံ-အင်တာနက်)

သမားဆုကို ယမန်နှစ်ဘောလုံးရာသီက ဆွတ်ခူးနိုင်ခဲ့သည်။

၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း ဘာစီလိုနာအသင်းကို အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်အောင် အဓိက စွမ်းဆောင်ပေးခဲ့ပြီး ဂိုးအများဆုံးဖြင့် ၁၃ ဂိုးသွင်းယူပေးထားခဲ့ပြီဖြစ်သည်။

ထို့အတူ ပေါ်တူဂီသား စီရိုနယ်ဒိုသည်လည်း ယခုနှစ်ဘောလုံးရာသီ တွင် မန်ချက်စတာယူနိုက်တက်အသင်း ၌ အကောင်းဆုံးခြေစွမ်းပြလာမှုကြောင့် ထင်ပေါ်ကျော်ကြား ဘောလုံးသမား ဖြစ်လာပြီဖြစ်သည်။ ၎င်းသည် ယခုနှစ် ပရီမီယာလိဂ် ဘောလုံးရာသီတွင် ပွဲစဉ်(၂၅)အပြီး စုစုပေါင်း ၁၄ဂိုးသွင်းထားသူဖြစ်သည်။ ပရီမီယာလိဂ်တွင် ချယ်လ်ဆီးမှ ဒရော့ဘာပြီးလျှင် ဒုတိယ ဂိုးအများဆုံး သွင်းယူထားသူဖြစ်သည်။

စီရိုနယ်ဒိုသည် ရော်နယ်ဒို၊ ရော်နယ်ဒင်ဟိုတို့ကဲ့သို့ ဘောလုံးစွမ်းရည် ထက်မြက်သည့်အပြင် အလွန်လျင်လျင်မြန်မြန် ထိုးဖောက်ကစားတတ်သည့် တောင်ပံကစားသမားကောင်း တစ်ဦးဖြစ်သည်။ အထူးသဖြင့် ရှေ့တန်းတိုက်စစ်မှူးများ ဖြစ်သည့် ရွန်နေ၊ ဆာဟာ၊ လာဆင် အစရှိသော တိုက်စစ်မှူးများ ဂိုးသွင်းခွင့်ရအောင် အကွက်ဆင်ဖန်တီးပေးနိုင်ခဲ့သည့် ကစားသမားလည်းဖြစ်သည်။

တန်ဖိုးအရှိဆုံး

ယခုအခါ ၎င်းအနေဖြင့် မန်ချက်စတာယူနိုက်တက်အသင်းအား အမှတ်ပေးဇယားထိပ်ဆုံးရောက်အောင် ပို့ပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကစားပေးခဲ့သူဖြစ်သည်။ စီရိုနယ်ဒိုသည် မန်ယူအတွက် ကိုယ်တိုင်လည်း ဂိုးအများဆုံးသွင်းယူ၊ အခြားကစားသမားများအားလည်း ဂိုးသွင်းခွင့်များစွာ ဖန်တီးပေးနိုင်ခဲ့မှုကြောင့် မန်ယူအသင်း မန်နေဂျာ ဖာဂူဆန်အတွက် တန်ဖိုးအရှိဆုံး ဘောလုံးသမားဖြစ်လာသည်။

ရောင်းချမည်မဟုတ်

ထိုသို့ ကစားစွမ်းရည် မြင့်မားလာမှုကြောင့် မန်ယူတို့ စီရိုနယ်ဒိုအား ပေါင် ၃၅သန်းဖြင့် ကမ္ဘာ့စံချိန်တင်ဈေးပေးရင်တောင် ရောင်းချမည်မဟုတ်ကြောင်း မန်ယူအမှုဆောင်အရာရှိ ဒေးဗစ်ဂျီးလ်က မကြာမီက ထုတ်ဖော်ပြောကြားခဲ့သည်။

တိုးပေး

၎င်းအား ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းတို့က ခေါ်ယူရန်ဆက်သွယ်ခဲ့သော်လည်း အသင်း၌ ဆက်လက်တည်မြဲစေရန်အတွက်မန်ယူက ဖာဒီနန်နှင့် ရွန်နေတို့ကဲ့သို့ ပေါင်တစ်သိန်းအထိ လုပ်ခလစာတိုးပေးရန် စီစဉ်လျက်ရှိသည်။

ပရီမီယာလိဂ် တရားဝင်ဇယားအချက်အလက်ပြုစုရေးအဖွဲ့က မကြာမီက ထုတ်ပြန်ခဲ့သော ကစားသမား သတ်မှတ်ချက်အရ စီရိုနယ်ဒိုသည် ပရီမီယာလိဂ်တွင် အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ထားသည်။ ၎င်းသည် အနာဂတ်တစ်ချိန်ချိန်တွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်လာမည်ဖြစ်ကြောင်းလည်း ဘောလုံးကျွမ်းကျင်သူများက အကဲဖြတ်ထားကြောင်း သိရသည်။

ထို့ကြောင့် ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားများ ဖြစ်ခဲ့ကြသည့် ရော်နယ်ဒို၊ ရော်နယ်ဒင်ဟို တို့ပြီးလျှင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် စီရိုနယ်ဒိုဖြစ်လာမည်လားဆိုသည်မှာ ဘောလုံးပရိသတ်များအကြား စိတ်ဝင်စားဖွယ်အကောင်းဆုံး သတင်းဖြစ်လာပြီဖြစ်သည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

KMD Computer Centre
International Diploma in Computer Studies (IDCS)
ICT
Commencing Date -7 February, 2007
Lecture : 3:00 - 6:00 (Wed,Thur,Fri)
Practical: 10:30 - 2:00 (Sat,Sun)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ဓနုတိုင်းရင်းသား မိသားစုအသင်း(ရန်ကုန်) ငွေရတုနှစ်ပတ်လည် ညှော်ခံပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

(၂၅)နှစ်ပြည့် ဓနုတိုင်းရင်းသားမိသားစုအသင်း(ရန်ကုန်)၏ ငွေရတုနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကျင်းပမည့် မိတ်ဆုံအခါးရည်ကြမ်းဝိုင်းကို ဖေဖော်ဝါရီ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀နာရီတွင် ဗဟန်းမြို့နယ် မြို့မရပ်ကြားတောရလမ်းရှိ ဓနုတိုင်းရင်းသားခမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ဓနုတိုင်းရင်းသားမိသားစုအသင်းမှ အသင်းသူ အသင်းသားများ၊ မိသားစုဝင်များ သိုက်သိုက်ဝန်းဝန်း တက်ရောက်ကြရန် နှီးဆော်ထားကြောင်းနှင့်ရိုးရာ ငါးထမင်းနယ်ဖြင့် ညှော်ခံကျွေးမွေးမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မေတ္တာဗျူဟာအဖွဲ့ (၉၈)ကြိမ်မြောက်သွေးလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၄

မေတ္တာဗျူဟာအဖွဲ့က ဦးဆောင်ကျင်းပသော (၉၈)ကြိမ်မြောက် သွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီက ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းမွှာရုံကြီး၌ ကျင်းပသည်။

သွေးလှူဒါန်းပွဲသို့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အမျိုးသားသွေးဌာန တာဝန်ခံဆရာဝန်ကြီး ဒေါက်တာဒေါ်သီတာအောင်နှင့် ဆရာဝန်များနှင့် မေတ္တာဗျူဟာအဖွဲ့တို့က ကူညီစောင့်ရှောက်ပြီး သွေးလှူရှင် ၃၀၀ကျော်က သွေးများလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြန်မာ့အလင်း)**

ပါဒခြေတော်ရာ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၄

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် မုန်းစဲကျွန်းရှိ (၅)ကြိမ်မြောက် ဗုဒ္ဓပါဒခြေတော်ရာ ပူဇနိယပွဲတော်အား(၁၃၆၈ခု၊ တပို့တွဲလပြည့်ကျော် ၁၃ရက်)ဖေဖော်ဝါရီ၁၄ ရက်အထိ ခြေတော်ရာ ဗုဒ္ဓပူဇနိယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပွဲတော်၌ တပို့တွဲလပြည့်ကျော်၁၄ရက်တွင် ဃနာနို့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ပင့်ဖိတ်ထားသောဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့နှင့်အတူ လှူဒါန်းမှု အစုစုတို့အားရေစက်ချ အမျှပေးဝေခြင်းများပြုလုပ်မည်ဖြစ်ရာ ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမ များအား ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

သတင်းဆောင်းပါး ဝေဝေဆာဆာဖြင့် ဖလားဝါးနယူးစ်ဂျာနယ် အခုအပတ်ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၄

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၆)တွင် ပါရမီတက္ကစီအစီးတစ်ရာ ထပ်မံတိုးချဲ့မည်၊ အချို့ကို နေပြည်တော်တွင်ထားရန်စီစဉ်နေ၊ နိုင်ငံတကာ အားကစားတက္ကသိုလ်များမှ အသိအမှတ်ပြုဘွဲ့လက်မှတ်များ အွန်လိုင်းဖြင့်ရယူနိုင်၊ ဖက်စ်ဖြင့်ငွေလွှဲနိုင်မည့်ဘဏ်ခွဲအရေအတွက် ထပ်မံတိုးချဲ့သွားမည်၊ ဧရာဝတီမြစ်၏ ရေတိမ်ဒေသ စနစ်ကျစွာကာကွယ်ထိန်းသိမ်းရန် အထူးလိုအပ်နေ၊ လုပ်သက်ရ အရည်အချင်းပြည့်ဝသည့် သင်္ဘောသားများ ပိုမိုလိုအပ်နေ၊ စာအိတ်နှင့်အထုပ် စသည့် ချောပစ္စည်းများသံသယရှိနေပါက သက်ဆိုင်ရာသို့ အကြောင်းကြားသင့် စသည့်ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့်ယနေ့ထွက်ရှိလာသည်။

'စံချိန်မီကွင်းလယ်ဆရာလေး ဖာဘရီဂတ်စ်' အားကစားဆောင်းပါးနှင့်အတူ အိန္ဒိယတွင်အထပ်လေးထပ်ရှိ စာသင်ကျောင်းပြို ကျောင်းသူ၁ဦးဖိတ်စင်၊ ၁၄ဦးဒဏ်ရာရ၊ နေခြည်အိမ် နိုင်ငံတကာပြိုင်ပွဲ၌ အမှတ်ကောင်းရနေ၊ မိသားတစ်စု ကလေးတစ်ဦးမူဝါဒ တရုတ်နိုင်ငံဆက်လက်ကျင့်သုံး၊ ပိန်လွန်းလွန်းသည့် မော်ဒယ်ကိစ္စ ဖက်ရှင်ခေါင်းဆောင်များဆွေးနွေး၊ ဆမ်ဆောင်းကဘတ်ငွေ ကုဋေတစ်ရာဖိုး အရောင်းမြှင့်တင်မည်ဆို စသည့်နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ စီးပွားရေးနှင့် အားကစား ကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ်၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။

မီးရထားသံလမ်း ဖြတ်လမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ပဲခူးတိုင်း ရေတာရှည်မြို့ ရွှေကြက်ယက်ရပ် အမှတ် (၅)ရပ်ကွက်၊ (၆)ရပ်ကွက် ဝန်းကျင်ကျေးရွာအုပ်စုများနှင့် မြို့မရပ်ကွက်တို့သို့ ဆက်သွယ်ထားသော မြို့မစည်ပင်သာယာဈေးအနီးရှိ မီးရထားသံလမ်းဖြတ်လမ်းတွင် ကတ္တရာလမ်းသား မရှိတော့ဘဲ မြေနိမ့်ချိုင့်ခွက်များ ဖြစ်နေသည့်အတွက် စက်ဘီး၊ ဆိုက်ကား၊ ဆိုင်ကယ်များ မကြာခဏ တိမ်းမှောက်ခြင်း၊ ယာဉ်တိုက်မှုများ ဖြစ်ပေါ်ခြင်းတို့ကြောင့် ပြန်လည်ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။ **လမ်းကောင်းစေလိုသူ**

မီးအားပြည့်ရေး ကူညီပေးပါ

စာတည်းရှင့်–

ကျွန်မတို့ မင်္ဂလာဒုံ ဝါယာလက်ပလရ အိမ်ခြေ(၁၀၀)၊ အိမ်ခြေ (၃၀) ရပ်ကွက်တို့တွင် ယခင် တပ်ဆင်ထားသော မီတာများ ဖယ်ရှားပြီး EPC မီတာများကို တပ်ဆင်ပေးခဲ့ပါသည်။ သို့ရာတွင် မီးအားအပြည့်အဝရရှိခြင်း မရှိသဖြင့် မီးအားအပြည့်အဝရရှိရေး သက်ဆိုင်ရာမှ စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်ရှင့်။ **ခံစားရသူများ**

စည်းကမ်းမဲ့ဈေးသည်များ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

ရခိုင်ပြည်နယ် မြောက်ဦးမြို့ ဆင်ချဆိပ်ရွာမ လမ်းမပေါ်ရှိ စည်းကမ်းမဲ့ ရောင်းချနေကြသော ဈေးသည်များကြောင့် ဒုမင်္ဂလာ–သုမင်္ဂလာသွား လမ်းပိတ်ဆို့ခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်နေသည့်အပြင် ငါးညှီနံ့၊ အပုပ်နံ့များကြောင့် ပတ်ဝန်းကျင် ပြည်သူများ ကျန်းမာရေး ထိခိုက်နေကြပါသဖြင့် အဆိုပါ စည်းကမ်းမဲ့ဈေးသည်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **မြောက်ဦးသား**

စီးကရက်စက်ရုံ မီးခိုးငွေ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား–

လှိုင်မြို့နယ် မယ်ဇီကုန်းလမ်းနှင့် သုခလမ်းထောင့်ရှိ စီးကရက်စက်ရုံ တစ်ရုံမှ ထုတ်လွှတ်သော မီးခိုးငွေ့များ၊ အနံ့များ၊ ပြာများကြောင့် ပတ်ဝန်းကျင်နေပြည်သူများ ကျန်းမာရေးထိခိုက်နေပါသဖြင့် အဆိုပါစက်ရုံအား လိုအပ်သလို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **(ယာပုံ)**

ရပ်ကွက်နေပြည်သူများ

စည်းကမ်းမဲ့ အကြော်ဆိုင် ကြပ်မတ်ပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း လသာမြို့နယ် လမ်းမတော်လမ်းမပေါ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်သည် နံနက် ၅နာရီမှ ည ၁၀နာရီအထိ ဖွင့်လှစ်ရောင်းချပြီး အကြော်အလှော်များကို လမ်းမပေါ်တွင် စည်းကမ်းမရှိ ကြော်လှော်ကာ လူသွားလမ်းပေါ်၌ ပိတ်၍ ရောင်းချနေခြင်းကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရသည့်အပြင် ပတ်ဝန်းကျင်နေ သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်လျက်ရှိပါသဖြင့် အဆိုပါ လက်ဖက်ရည်ဆိုင်အား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ညှော်နံ့မခံနိုင်သူ

လမ်းဘေးကျူးကျော် ဆိုင်ခန်းများ ဖယ်ရှားစေလို

စာတည်းခင်ဗျား–

ဝက်လက်မြို့နယ် လှတောရွာရှိ ရွှေဘို–မန္တလေး–ဝက်လက်ကားလမ်းမဆုံရာတွင် လမ်းဘေး ကျူးကျော်ဆိုင်ခန်းများနှင့်ပြည့်လျက်ရှိရာ ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကြုံတွေ့နိုင်ပါသဖြင့် ကျူးကျော် ဆိုင်ခန်းများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **လှတောသား**

ကာရာအိုကေဆိုင်က ဆူညံသံ နားမခံနိုင်

စာတည်းရှင့်–

ဗဟန်းမြို့နယ် ဆရာစံမြောက်အနောက်ရပ်ကွက် ဆရာစံလမ်းမပေါ်ရှိ ကာရာအိုကေ စားသောက်ဆိုင်တစ်ဆိုင်သည် နံနက်၂ နာရီကျော် ၃နာရီခန့်အထိ ညစဉ် ဆူညံနေသည့်အပြင် ဆိုင်အလုပ်သမားများကလည်း ဂစ်တာတီးကာ သီချင်းအော်ဟစ်သီဆိုသောကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ အနှောင့်အယှက်ဖြစ်သဖြင့် အဆိုပါ စားသောက်ဆိုင်အား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **နားမခံနိုင်သူ**

လမ်းမပေါ်က ဈေးဆိုင်များ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

မြောက်ဥက္ကလာပမြို့နယ် ရတနာသိင်္ဂီဈေးအနီး ဈ/ရပ်ကွက် မေခာဝီလမ်းမကြီးပေါ်မှ ဘုမ္မာလမ်းသွယ်(၁)သို့ ဆက်သွယ်ထားသောလမ်း (အသေးစား ငွေချေးဌာန)ပေါ်တွင် ယခုအခါ သစ်သီးဆိုင်၊ မုန့်ဟင်းခါးဆိုင်တို့သည် လမ်း၏ သုံးပုံနှစ်ပုံကို ပိတ်ဆို့နေရာယူကာ စည်းကမ်းမဲ့ ရောင်းချနေကြသဖြင့် လမ်းသွား လမ်းလာများ အခက်အခဲဖြစ်နေသည့်အပြင် စည်းကမ်းမဲ့စွာ အညစ်အကြေးများ စွန့်ပစ်နေကြပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ စည်းကမ်းမဲ့ ဈေးဆိုင်များအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

မြောက်ဥက္ကလာပသား

လေးထုသံ နားမခံသာမှု ဆောင်ရွက်ပြီးစီး

(၂၇–၁၁–၂၀၀၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် ၁၉/ကရပ်ကွက် မောင်းမကန်ကမ်းသာလမ်းရှိ လေးထုသံနားကမခံသာ** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)

ဝက်မွေးမြူမှု ရှင်းလင်းဆောင်ရွက်ပြီးစီး

(၆–၁၁–၂၀၀၆)ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၁)ရပ်ကွက် ခိုင်ရွှေဝါလမ်း စီးပွားဖြစ် ဝက်မွေးမြူမှု** ပေးစာနှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **(ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)**

မိုင်းဖြတ်မြို့နယ်၌ အရန်သားဖွား သင်တန်းဆင်း

မိုင်းဖြတ် ဇန်နဝါရီ ၂၃

မိုင်းဖြတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးဖွင့်လှစ်ခဲ့သော အရန်သားဖွားသင်တန်း(၁/၂၀၀၆)ဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး မြို့နယ် ဆရာဝန် ဒေါက်တာသန်းမြင့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မြို့နယ်ဆရာဝန် ဒေါက်တာသန်းမြင့်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေတို့က ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းဆင်း သင်တန်းသူ ၂၀ အား လုပ်ငန်းခွင်သုံး ကိရိယာ ဆေးပုံးများကို ခရိုင်အတွင်းရေးမှူး ဦးကံရှိန်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးမြသောင်းနှင့် တာဝန်ရှိသူများက ပေးအပ်ပြီး သင်တန်းဆင်းလက်မှတ်များ ဆက်လက်ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။**(အပေါ်ယာပုံ)**

(ခရိုင် ပြန်/ဆက်)

ကျောင်းကုန်းမြို့၌ ကျေးရွာချင်းဆက် တံတားသုံးစင်းဖွင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁

နှစ်(၆၀)မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းကုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်တို့ ဆက်သွယ်သည့် ကျေးရွာချင်းဆက်လမ်းနှင့် တံတားဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက် ၈နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် အစုကြီးကျေးရွာအုပ်စုတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် တံတားသုံးစင်းဖြစ်သည့် အစုကြီးကျေးရွာနှင့် ကျေးရွာငါးရွာ ဆက်သွယ်သည့် အလျား ၁၂ပေ၊ အကျယ် ၁၁ပေ၊ အမြင့် ၁၀ပေရှိ ကြံတိုင်းအောင်တံတားသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင်နှင့် တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်တို့က လည်းကောင်း၊ ဒုတိယတံတားဖြစ်သည့် အစုကြီးကျေးရွာများနှင့် ပန်းတနော်မြို့နယ် ကျေးရွာကိုးရွာကို ဆက်သွယ်သည့် အလျား ၁၂ပေ၊ အကျယ် ၁၁ပေ၊ အမြင့် ၁၄ပေရှိ ရွှေလဝင်းတံတားသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးညဏ်လှိုင်နှင့် အလှူရှင် ဦးရွှေလဝင်းတို့က လည်းကောင်း၊ တတိယ တံတားဖြစ်သည့် အလျား၁၈ပေ၊ အကျယ် ၁၄ပေ၊ အမြင့် ၁၃ပေရှိ သန္တိဝိပုလငြိမ်းချမ်းသာယာ တံတားသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညဏ်လှိုင်နှင့် ရွှေညောင်ပင်ကျောင်းတိုက် ဆရာတော် ဘုန်းတော်ကြီးသင် ပညာရေးမူလတန်းလွန်ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ တိက္ခိန္ဒြိယတို့ကလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

(၂၆၅)

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လုပ်ငန်းသုံးယာဉ်များ ကြံ့ခိုင်မှုကို စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ဒီဇင်ဘာ ၁၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းဝင်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ညောင်လေးပင်မြို့ ပိန်းဇလုပ်ကျေးရွာအုပ်စု အထက ဂန္ဓကုဋိတိုက် ဘက်စုံတည်ဆောက်ရေး ငွေလှူဒါန်း

ပိန်းဇလုပ် ဖေဖော်ဝါရီ ၃

ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်းအတွင်း ကျပ်သိန်း ၅၀ခန့် အကုန်အကျခံ တည်ထားကိုးကွယ်ထားသည့် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်များ ကိန်းဝပ်စံပယ်ရာ ဂန္ဓကုဋိတိုက် ဘုရားဆောင် ဘက်စုံတည်ဆောက်ရေး ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ရက် နံနက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

လက်ခံယူ

အခမ်းအနားတွင် ဂန္ဓကုဋိတိုက် ဘုရားဆောင် ဘက်စုံတည်ဆောက်ရေးအတွက် ပိန်းဇလုပ်မြို့နေ ဦးတင်အောင်-ဒေါ်သန်းသန်းဝင်း (စိန်ဆေးလိပ်ခုံ)မိသားစုက ငွေကျပ်တစ်သိန်း၊ ဆရာဦးကြည်သိန်း(ငြိမ်း)မိသားစုက ငွေကျပ်တစ်သိန်း၊ ကျောင်းအုပ်ဆရာကြီးဦးကျော်မောင် မိသားစုက ငွေကျပ်တစ်သိန်း၊ ဒေါက်တာဆန်းလှထွေးက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ဘုရားဆောင်ဖြစ်မြောက်ရေးအဖွဲ့ ကျောင်းအုပ်ဆရာကြီး ဦးကျော်မောင်က လက်ခံယူသည်။

လှူဒါန်းနိုင်

အဆိုပါ တည်ထားကိုးကွယ်မည့် ကျောင်းဆောင်သစ်အတွက် လှူဒါန်းလိုပါက ရန်ကုန်မြို့ ဒေါက်တာစောလှထွန်း ဖုန်း-၀၉-၈၀-၃၃၄၁၇၊ ပိန်းဇလုပ်မြို့ ဖုန်း-၀၅၂-၅၀၄၈၄ ဆရာဦးကြည်သိန်း(ငြိမ်း) ဖုန်း-၃၂နှင့် ဒေါ်သန်းသန်းဝင်း(စိန်ဆေးလိပ်ခုံ)ဖုန်း- ၀၅၄-၅၅၃၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ပျော်ဘွယ်မြို့နယ်အဆင့် ပညာရေးစုံညီပွဲကျင်းပ

ပျော်ဘွယ် ဇန်နဝါရီ ၁၆

ပျော်ဘွယ်မြို့နယ်တွင် အဆင့်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ရက် နံနက် ၁၀နာရီက အောင်သာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဌေးဝင်း၊ မြို့နယ်ပညာရေးမှူး ဦးညိုမောင်၊ ကျောင်းအုပ်ဆရာကြီး ဦးစံညိမ်းနှင့် ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းသားမိဘများနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် စုပေါင်းသီဆို၍ ဖွင့်လှစ်ကြပြီး မြို့နယ်ပညာရေးမှူးကအမှာစကားပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြို့နယ်အဆင့် ပညာရေး၊ စာပေနှင့် အားကစားထူးချွန်သူ ကျောင်းသားကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(၂၅၀)**

မိတ္ထီလာခရိုင်နှင့် မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ အကျဉ်းသူ၊ အကျဉ်းသားများအား နှစ်သိမ့်အားပေး

မိတ္ထီလာ ဇန်နဝါရီ ၂၀

မိတ္ထီလာခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မိတ္ထီလာ (ခ) အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူများအား တွေ့ဆုံ၍ နှစ်သိမ့်အားပေးခြင်း၊ ဆေးကုသပေးခြင်းနှင့် ကျွေးမွေးခြင်းတို့ကို ဇန်နဝါရီ ၁ ရက် ညနေ ၅ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးစောဌေးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုးသန်းနှင့် အလုပ်အမှုဆောင်များအား ရှင်းလင်းခန်းမတွင် အကျဉ်းထောင် တာဝန်ခံအရာရှိဦးကျော်ဌေးက အကျဉ်းထောင်၏ နေ့စဉ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

အားပေး

ထို့နောက် အကျဉ်းထောင်အတွင်း မှုကြိုကျောင်း ဖွင့်လှစ်ထားရှိမှုကို ကြည့်ရှုကြပြီး ကလေး ၁၀ဦးတို့အား အာဟာရတိုက်ကျွေးနိုင်ရန် နှစ်ရက်အတွက် ကုန်ကျငွေကျပ် ၃၀၀၀ ကို တာဝန်ခံအရာရှိထံ ပေးအပ်သည်။ ထို့နောက် အကျဉ်းထောင်အတွင်းရှိ စားဖိုဆောင်ချက်ပြုတ်နေမှု၊ ထောင်အတွင်း ရာသီသီးနှံ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုကြပြီး အိပ်ဆောင်များရှိ အကျဉ်းသား၊ အကျဉ်းသူများနှင့် တွေ့ဆုံ၍ နှစ်သိမ့်အားပေး စကားပြောကြားသည်။

သက်ကြီးအကျဉ်းသား၊အကျဉ်းသူ ၂၀ အား ကျန်းမာရေး စစ်ဆေးကုသပေးခြင်းကို ဆောင်ရွက်ပြီး ဆေးဝါးများနှင့် ကွေကာအုပ်များ ဝေငှပေးကြသည်။ ၎င်းနောက် အကျဉ်းထောင် အလုပ်ရုံ၌ ဆောင်ရွက်လျက်ရှိသည့် ဆွဲခြင်းထိုးလုပ်ငန်း လုပ်ကိုင်နေမှုကို ကြည့်ရှုလေ့လာကြသည်။

(ခရိုင် ပြန်/ဆက်)

မြိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်လျက်ရှိသော ဗန္ဓုလတံတားအသစ်တည်ဆောက်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၃၁ရက်က အငယ်တန်းအင်ဂျင်နီယာ (၂) ဦးစိန်ဝင်း ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

(၅၉) နှစ် မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စလင်းမြို့နယ်စည်ပင်သာယာရေး အဖွဲ့က တည်ဆောက်ပြီးစီးသော ကျောင်းကြားရပ်နဖူးတော တံတားဖွင့်ပွဲကို ဇန်နဝါရီ ၁ရက်က တံတားထိပ် မုခ်ဦးတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသန်းနိုင်နှင့် အမှုဆောင်အရာရှိ ဦးသန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပို့တွဲလပြည့်ကျော် ၅ ရက်
၆-၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဇောဇျှာ်သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ကြက်သွန်နီစိုက်ပျိုးရေး တစ်ခေတ်ဆန်းပြီ)

၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (စာပေဆု စာမူဆုလက်ရာများထဲက ပြည်ထောင်စုစိတ်ဓာတ်)

၁၂း၀၀ သူ့အတွေးနှင့်သူ့အရေး (အလှူဒါန-ပါရဂူ)

၁၂း၂၀ ဇာတ်လမ်းပမာ နားဆင်စရာ (ဆုံးစည်းခွင့်)

၁၂း၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (ယာဂုထမနဲ တပို့တွဲ-သာရဝေါ်စိုးကြည်)

၁၃း၁၀ ပညာရေးအစီအစဉ် (အလယ်တန်း-အင်္ဂလိပ်စာ) (Letter Writing for Middle School Students)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (ရခိုင်ရိုးရာ ရထားဆွဲပွဲ)

၁၆း၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ချစ်သောဤမြေ (တေးပွင့်ကြယ်စင်အဖွဲ့)
(၂) ပြုံးပန်းဝေ (မြန်မာ့အသံအဖွဲ့)
(၃) ပင်လုံမြေသက်သေ (စိမ်းအဖွဲ့)

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၃၀ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အလုအပအတွက် အနားယူအပန်းဖြေခြင်း)

၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ပျော်စရာ တို့ရွာကလေး)

၁၉း၁၅ ကျန်းမာရေးနှင့် ဆေးပညာ (ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ပါ)

၁၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
(၁) မြစ်နှစ်စင်းရဲ့ပင်လယ် (R ဇာနည်၊ ဆုန်သင်းပါရ်)
(၂) ကိုကိုနောက်ပိုးညာ (တူးတူး၊ မေခလာ)
(၃) အချစ်ပြီးတော့အချစ် (ချစ်ကောင်း၊ ဟေမာနေဝင်း)

၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အတူတူနေချင်တယ် (သန်းဇေလေး)
(၂) ကြားလေသွေးလို့ဝေးရမှာလား (ယင်းမာ)
(၃) အချစ်ဦးမောင့်ထံ ပြန်လာပါ (ဟသ်ာတအောင်တင်ဝင်း)

ဘုရားခြောက်ဆူလူငယ်ဖွံ့ဖြိုးရေး ဂေဟာသို့ အလှူငွေ၊ စာအုပ်နှင့် ဂျာနယ်များလှူဒါန်း

သထုံ ဇန်နဝါရီ ၃၁

သထုံခရိုင်နှင့် သထုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ပူးပေါင်း၍ ဇန်နဝါရီ ၁၄ ရက် နံနက် ၉ နာရီက သထုံမြို့ ဘုရားခြောက်ဆူ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ သွားရောက်၍ ငွေကျပ်ခုနစ်သောင်းသုံးထောင်ကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ရီရီထွန်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်တို့က ဆရာတော်ဦးကဝိသရာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စာအုပ်၊ စာစောင်နှင့်ဂျာနယ်များကို ဂေဟာမှူးထံ ပေးအပ်လှူဒါန်းပြီး လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာရှိ လူငယ်များအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီထွန်းက အလှူငွေပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကာ ခရိုင်ဆရာဝန်ကြီး ဒေါက်တာစောမြတ်ဦးကလည်း ကျန်းမာရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မောင်းမကန်ဈေးလမ်း ကတ္တရာလမ်းခင်း

လောင်းလုံ ဇန်နဝါရီ ၂၅

လောင်းလုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ပြည်သူလူထုနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသော မောင်းမကန်ဈေးလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုးမြင့် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာ ဦးပြည်ထွန်းက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

မော်လမြိုင်မြို့ ဖက်တန်း နယ်မြေ ဒေါ်လန်းရပ်ကွက်ရှိ အဘယ သုတာရာမ စာသင်တိုက်ကျောင်း အတွင်း ငွေကျပ်သိန်း ၉၀၀ ကျော် အကုန် အကျခံ တည်ဆောက် ဆဲဖြစ်သော လေးထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေ ပေးအပ်ပွဲကို ဇန်နဝါရီ ၂၀ ရက်က ယင်းကျောင်းတိုက်၌ ကျင်းပရာ ဦးဘစိုး-

ဒေါ်နှင်းဆီအားရည်စူး၍ အလှူရှင် မော်လမြိုင်မြို့ ဒေါ်လန်းရပ်ကွက်နေ သမီး မသန်းသန်းစိုး မိသားစုက ငွေကျပ်၁၆သိန်း ပေးအပ်လှူဒါန်းရာ လေးထပ်ကျောင်းဆောင်သစ် ဖြစ်မြောက်ရေးကော်မတီဝင် ဦးငြိမ်းမောင်က လက်ခံယူစဉ်။ (၁၆၈)

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ် တားဆီးရေးအတွက် အဖွဲ့ပိုင် မြို့မဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ပြီး ရေဆိုးများဝပ်မနေစေရေးအတွက် ဦးစီးအရာရှိ ဒေါ်ကြည်ကြည်မေနှင့်အဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရာသို့ ဇန်နဝါရီ ၁၁ရက်က အမှုဆောင်အရာရှိ ဦးသန်းအေး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ရတနာမာန်အောင် စက်ရေတွင်းသစ်ဖွင့်ပွဲ ပြည်၌ကျင်းပ

ပြည် ဖေဖော်ဝါရီ ၃

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သော ရတနာမာန်အောင် ရှစ်လက်မ စက်ရေတွင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၉ရက် နံနက် ၈နာရီက သရက်တောရပ်ရှိ စက်ရေတွင်းသစ်မုခ်ဦး၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်နှင့် အဖွဲ့ဝင်များ၊ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ တို့က စက်ရေတွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်က စက်ရေတွင်းသစ် ရေစက်ခလုတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ရတနာမာန်အောင် ရှစ်လက်မ စက်ရေတွင်းသစ်သည် တွင်းအနက် ပေ ၃၁၀ ရှိပြီး တစ်နာရီ ရေဂါလန် ၁၃၀၀၀ ထွက်ရှိသဖြင့် ရွာဘဲရပ်ကွက်အတွင်းရှိ ဗိုလ်ချုပ်လမ်း၊ သရက်တောရပ် ရတနာမာန်အောင်လမ်းနှင့် မင်္ဂလာဦးရပ် ရွှေဟင်္သာအိမ်ရာ စခန်းရှိ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေကို ပိုမိုဖူလုံစွာ ရရှိပြီဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ဝန်ထမ်းအိမ်ရာ ကွင်းဆင်းစစ်ဆေး

တောင်ငူ ဇန်နဝါရီ ၁၀

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့သည် ဒီဇင်ဘာ ၁၅ ရက်က တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဝန်ထမ်းအိမ်ရာကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ်နှင့် အင်ဂျင်နီယာမှူး ဦးဌေးညွှန့်တို့က လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

(မြို့နယ်စည်ပင်)

ကျန်းမာရေးပညာပေးဟောပြောပွဲများ လွိုင်လင်ခရိုင်၌ကျင်းပ

တောင်ကြီး ဇန်နဝါရီ ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ကျန်းမာရေး ဦးစီးဌာနက ကြီးမှူးကျင်းပသော ကျန်းမာရေးပညာပေး ဟောပြောပွဲကို ဒီဇင်ဘာ ၁၈ရက်က လွိုင်လင်ခရိုင် နမ့်စန်မြို့နယ် ခိုလမ်တိုက်နယ်ဆေးရုံတွင်လည်းကောင်း၊ ဒီဇင်ဘာ ၁၉ ရက်က မိုင်းနောင်မြို့တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်က မိုင်းရှူးမြို့နယ် လွိုင်ဆောင်ထောက်နှင့် မိုင်းရှူးမြို့ပေါ်တွင်လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်က ကျေးသီးမြို့နောင်ဆွမ်း စံပြကျေးရွာတွင်လည်းကောင်း ဟောပြောပွဲများ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဦးစိုင်းခမ်းလှိုင်နှင့် အဖွဲ့ဝင်များ သွားရောက် ဟောပြောကြသည်။

ဟောပြော

ရှေးဦးစွာ ဒေါက်တာဦးစိုင်းခမ်းလှိုင်က အမှာစကားပြောကြားပြီး ကလောဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်ခင်နွဲ့ရီက မျိုးဆက်ပွားကျန်းမာရေးအကြောင်း သိကောင်းစရာကိုလည်းကောင်း၊ ကာလသားနှင့် ခုခံအား ကျဆင်းမှုရောဂါအကြောင်းကို ဒေါက်တာ ဦးဉာဏ်ထွန်းကလည်းကောင်း၊ တီဘီရောဂါအကြောင်း သိကောင်းစရာများကို ဒေါက်တာ ဒေါ်ချိုချိုစန်းကလည်းကောင်း ဟောပြောကြသည်။

(ပြည်နယ် ပြန်/ဆက်)

တပ်ကုန်းမြို့နယ် ဥက္ကဋ္ဌဖလား ဘောလုံးပြိုင် ဗိုလ်မင်းရောင်အသင်း အနိုင်ရဗိုလ်စွဲ

တပ်ကုန်း ဇန်နဝါရီ ၂၀

တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အလွတ်တန်း ရပ်/ကျေး ဘောလုံး ဗိုလ်လုပွဲကို ဒီဇင်ဘာ ၃၀ ရက် ညနေ ၃နာရီခွဲက တပ်ကုန်းမြို့ မြို့မ အားကစားကွင်းတွင် ဗိုလ်မင်းရောင်အသင်းနှင့် ဆရာစံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်မင်းရောင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဒုတိယရ ဆရာစံအသင်းအား ငွေကျပ် ၇၀၀၀၀ နှင့်အတူ တစ်ဦးချင်းဆုများကို တာဝန်ရှိသူများက ချီးမြှင့်ကြပြီး ပထမဆုရ ဗိုလ်မင်းရောင်အသင်းအား ငွေကျပ်တစ်သိန်းနှင့် ဆုဖလားကြီးကို တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ချီးမြှင့်ပေးအပ်သည်။ **(အပေါ်ပုံ)**

ပွဲစဉ်အလိုက် အကောင်းဆုံးဆု၊ ဂိုးသမားဆု၊ နေရာအလိုက် အကောင်းဆုံးဆုများကို မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးသိန်းသန်းနိုင်က ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(၂၆၆)**

မြို့နယ် သတင်းများ

ပေါင်းတည်မြို့နယ်တွင် မိဘဆရာအသင်း နှစ်ပတ်လည်နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၁ ရက်က ၁၁ လမ်း အမက ၌ကျင်းပရာ စတုတ္ထတန်း ပညာရည်ချွန် ထူးချွန်ထက်မြက် ပထမဆုရ စတုတ္ထတန်းကျောင်းသူ မမိုးပြည့်ပြည့်ဖြိုးအား ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်မြင့်က ဆုချီးမြှင့်စဉ်။

(၀၆၄)

လယ်ဝေး ဇန်နဝါရီ ၂၀

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် လယ်ဝေးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ပျားရည်ဘဏ်စာကြည့်တိုက် ကြီးကြပ်မှုကော်မတီတို့၏ ဦးဆောင်မှုဖြင့် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၇ ရက် မွန်းလွဲ ၁နာရီက သစ်ပုတ်ပင်ကျေးရွာ၌ ကျင်းပသည်။

စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြော

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမန်နေဂျာ ဦးခင်မောင်ရွှေ၊ မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်တို့က အမှာစကားပြောကြားကြပြီး စာရေးဆရာ မောင်မြင့်ကြွယ်(စာပေဗိမာန်)က "လူ့ဘဝတန်ဖိုး အကျိုးရှိစေဖို့" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စာရေးဆရာ မောင်ဆန္ဒ(လယ်ဝေး)က "တစ်ဆူတည်းသောဘုရား၊တပါးတည်းသောမိခင်"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ **(အပေါ်ပုံ)**

(စာပေနှင့်စာနယ်ဇင်း)

အသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်များရှင်းလင်း ကျေးရွာဖွံ့ဖြိုးရေး စည်းလုံးညီညွတ်တက်ကြွစွာ ပါဝင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ နံနက် ၇နာရီခွဲက မန္တလေးတိုင်းအတွင်းရှိ ထုံးကျောက်ရှာဖွေ စမ်းသပ်တိုင်းတာရေးလုပ်ငန်း(ဖောင်းတော) ထုံးကျောက်တောင် တောင်ခြေသို့ ရောက်ရှိပြီး ထုံးကျောက်ကြွယ်ဝသော ဖောင်းတောတောင်ကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ထုံးကျောက်တောင်အား စမ်းသပ်တူးဖော်မှုအခြေအနေ၊ ထွက်ရှိလာသည့် ကျောက်နမူနာများ၌ ဓာတ်သဘာဝ ပါဝင်ဖွဲ့စည်းမှုအခြေအနေများ၊ ထုံးကျောက်ကြွယ်ဝမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ထုံးကျောက် အပြင် ဘိလပ်မြေဖော်ထုတ်ရာ၌ လိုအပ်သော သဲကျောက်၊ သံကျောက်များပါဝင်သည့် ကျောက်များ ဆက်လက်ရှာဖွေတူးဖော်သွားရေး မှာကြားသည်။

အသင်းဝင်အဆိုပြုလွှာပေး

ထိုမှတစ်ဆင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် ဖောင်းတောကျေးရွာ ရွာဦးကျောင်း ဆရာတော် ဦးဝိမလအား သက်န်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဖောင်းတောကျေးရွာ ရွာဦးကျောင်းဝင်းအတွင်း၌ ကျေးရွာပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ ကျေးရွာပြည်သူများ ကိုယ်စား စည်းရုံးရေးမှူးဦးတင်မောင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၂၇၀၀ ကို ဗဟိုအတွင်းရေးမှူး ဝန်ကြီးဦးအောင်သောင်းထံ ပေးအပ်သည်။**(ယာပုံ)**

စာမျက်နှာ ၁၁ ကော်လံ ၄ ❐

ပြည်သူများ အသိဉာဏ်ပညာဗဟုသုတ မြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတစ်ဝန်းလုံး၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးနေ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ဖြင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်သွားမည်

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် စေတနာရှင် အလှူရှင်တစ်ဦးက စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၄

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးတွင် ဖွင့်လှစ်တည်ထောင်ထားသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များကို အလှူရှင်များက ယမန်နေ့နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမသို့ လာရောက်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားပြီး စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စာအုပ်၊ စာစောင်များကို လက်ခံသည်။

တိုးမြှင့်ဖော်ဆောင်

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျေးဇူးတင်စကားပြောကြားရာတွင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းတည်ဆောက်ပေးလျက်ရှိသော ကဏ္ဍအများအပြားရှိသည့်အနက် ပြည်သူများ၏ အသိဉာဏ်နှင့် ပညာဗဟုသုတမြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာကျွမ်းကျင်တတ်မြောက်သည့် ပညာရှင်များ ပေါ်ထွန်းရေးတို့အတွက်လည်း မျက်ခြည်မပြတ် တိုးမြှင့်ဖော်ဆောင်ပေးနေကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ ✱

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ

ဘဏ္ဍာ/အခွန်နှင့် အူလ်ဆန်တက္ကသိုလ် ယနေ့ ယှဉ်ပြိုင်မည်

သတင်းဆောင်းပါး
ကိုထွေး

ရန်ကုန် ဖေဖော်ဝါရီ ၄

မြန်မာ–ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အဆင့်မြင့်တန်း ကလပ်အသင်းများနှင့် ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် ကိုရီးယားသမ္မတနိုင်ငံမှ အူလ်ဆန်တက္ကသိုလ် (University of Ulsan FC)ဘောလုံးအသင်းသည် ဖေဖော်ဝါရီ ၃ ရက် ည ၇နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသည်။ ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ ပထမပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၅ ရက်**(ယနေ့)** ညနေ ၃နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ကွင်း၌ အူလ်ဆန်တက္ကသိုလ်အသင်းနှင့် ဘဏ္ဍာ/အခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပျမ်းမျှအသက်

အဖွဲ့ခေါင်းဆောင် Mr.Dong Young Kim ဦးဆောင်သည့် အူလ်ဆန်တက္ကသိုလ်ဘောလုံးအသင်းတွင် အုပ်ချုပ်မှုအဖွဲ့ဝင် လေးဦး၊ အားကစားသမား ၂၆ ဦး စုစုပေါင်းအဖွဲ့ဝင် ၃၀ လိုက်ပါလာသည်။ အူလ်ဆန်တက္ကသိုလ် ဘောလုံးသမားများ၏ ပျမ်းမျှအသက်မှာ ၁၉ နှစ်ဖြစ်ပြီး အသက် ၁၉ နှစ် ရှစ်ဦး၊ အသက် ၂၀ ခုနစ်ဦး၊ အသက် ၂၁ နှစ် ခြောက်ဦးနှင့် အသက် ၂၂ နှစ် ငါးဦးပါဝင်ကြသည်။

အူလ်ဆန်တက္ကသိုလ်အသင်းသည် ၂၀၀၂ ခုနှစ်အတွင်းက မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ဖူးပြီး မြန်မာ(ယူ–၂၁)အသင်းနှင့် ခြေစမ်းကစားခဲ့ရာ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့သည်။ ***စာမျက်နှာ ၆ ကော်လံ ၄*** ✡

ပျော်ပျော်ရွှင်ရွှင်ဆင်နွှဲ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ပျော်ရွှင်ပွဲ

ကွင်းဆင်းရေးသားသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဖေဖော်ဝါရီ ၄

ရန်ကုန်မြို့၏ အိုအေစစ်တစ်ခုဖြစ်သည့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)၏ (၁၀၁)နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၀ ရက်အထိ ကျင်းပတော့မည်ဖြစ်သည်။ ပျော်ပွဲရွှင်ပွဲအစီအစဉ်များ အားလုံးနီးပါးနှင့် ခင်းကျင်းပြသမှုဆိုင်ရာများလည်း ပြင်ဆင်ပြီးနေပြီဖြစ်ရာ မြန်မာ့အလင်းသတင်းအဖွဲ့ရောက်ချိန်၌ သစ်လွင်ခမ်းနားသော အပြင်အဆင်များက အံ့ဖွယ်ရာမြင်တွေ့ရလေသည်။ ***စာမျက်နှာ ၇ ကော်လံ ၁*** ■



ဆင်လိမ္မာများက ပြည်သူများ အပန်းပြေစေရန် ကပြဖျော်ဖြေတင်ဆက်စဉ်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)